ကြေးမုံ

The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့၊ (16-3-2007) (၅၂၆၃)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က သာမြို့ပြည်သူ့ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်ကိုင်းမှ မြစ်ကြီးနားအထိ ဆက်သွယ်ဖောက်လုပ်ထားသော ခရိုင်ချင်းဆက် လမ်းအမှတ်(၃) တစ်ကြောင်းထိုး ပေါက်သွားသဖြင့် မော်တော်ယာဉ်များဖြင့် ကုန်စည်ပို့ဆောင်နိုင်ပြီး ဒေသဖွံ့ဖြိုးလာ ကျေးလက်ဒေသများ ပို၍ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်ရေး စီမံလုပ်ဆောင်

နေပြည်တော် မတ် ၁၅

စစ်ကိုင်းတိုင်း ကသာမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မတ် ၁၂ ရက် နံနက်ပိုင်းတွင် ကသာမြို့ရှိ နယ်မြေခံတပ်ရင်း အောင်တံခွန်ခန်းမ၌ ကသာတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်ကြီးအေးချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို တိုင်းရင်းသားပြည်သူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူနှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးရေးတို့ကို မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံမြို့နယ် ဟက်ဟိုင်းကျေးရွာ နွေစပါး စုပေါင်းမြေဩဇာကြွပက်ပွဲနှင့် ပေါင်းလိုက် တမန်းနှိုးပွဲကို တက်ရောက်အားပေးကြည့်ရှုစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) နွေစပါးမြေဩဇာကြွပက်ပွဲနှင့် ပေါင်းလိုက် တမန်းနှိုးပွဲ တက်ရောက်အားပေး

နေပြည်တော် မတ် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၄ ရက် နံနက် ၈ နာရီတွင် မော်တော်ယာဉ်များဖြင့် ကျိုင်းတုံ–မိုင်းဆတ်လမ်းအတိုင်း ထွက်ခွာလာရာ ကျိုင်းတုံမြို့နယ် ဟက်ဟိုင်းကျေးရွာ တောင်သူဦးဆီဝန်း၏

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❋

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၆-၃-၂၀၀၇
(သောကြာနေ့)

လူ့အခွင့်အရေးဗန်းပြ လုပ်ကြံစွပ်စွဲမှုများသည် တရားမျှတမှုန်ကန်သော လုပ်ရပ်မဟုတ်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့်ဟူသည့် အခြေခံလူ့အခွင့်အရေးများ တိုးမြှင့်ရရှိစေရေးအတွက် အစဉ်တစိုက် ဖော်ဆောင်ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်နှင့်ပြည်သူတို့ တက်ညီလက်ညီ ကြိုးပမ်းမှုဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း၌ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်း ခံစားနေကြရသည်။

ယင်းသို့ မြန်မာပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အမေရိကန်အစိုးရက ဖုံးကွယ်ပုံဖျက်ပြီး မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုများဖြင့် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကြိုးကိုင်ခြယ်လှယ်နိုင်ရန် အားထုတ်လုပ်ဆောင်နေဆဲဖြစ်သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် ၂၀၀၇ ခုနှစ် မတ်လ ၆ရက်နေ့က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဧပြီလတွင် ကျင်းပမည့် လူ့အခွင့်အရေးကောင်စီ၌ ဖြစ်နိုင်သည့် နည်းလမ်းပေါင်းစုံအသုံးပြုပြီး မြန်မာနိုင်ငံအား နိုင်ငံရေးဖိအားပေးနိုင်ရေး ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၀၇ ခုနှစ် မတ်လ ၇ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်၏ ၂၀၀၆ ခုနှစ် လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာထုတ်ပြန်ရာ၌လည်း မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးချိုးဖောက်သည်ဆိုသော အထောက်အထားခိုင်လုံမှုမရှိသည့် စွပ်စွဲချက်များကို ထပ်မံဖော်ပြထားပြန်သည်။

အဆိုပါအစီရင်ခံစာ၌ တရားဥပဒေနှင့်အညီ မစီရင်မှု၊ သေဆုံးပျောက်ဆုံးမှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ ကလေးစစ်သားစုဆောင်းမှု၊ အဓမ္မအလုပ်ခိုင်းစေမှု၊ တိုင်းရင်းသားကျေးရွာများအားတိုက်ခိုက်မှု၊ ဘာသာရေးလွတ်လပ်ခွင့်မရှိမှု စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေကြောင်း စွပ်စွဲထားသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်နေသည်ဆိုသော အမေရိကန်အစိုးရ၏ အကြောင်းပြစွပ်စွဲချက်များသည် အစိုးရအား ဆန့်ကျင်နေသူများနှင့် လက်ကျန်သောင်းကျန်းသူအဖွဲ့များထံမှ ပေးပို့ရရှိသော လုပ်ကြံသတင်းအမှားများကို အခြေပြုထားခြင်းသာဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံပြည်သူများအတွက် နိုင်ငံတော်က ဖော်ဆောင်ပေးနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို မျက်ဝါးထင်ထင် တွေ့မြင်နေရသော်လည်း ယင်းတို့ကို အမေရိကန်က လျစ်လျူရှုပြီး လူ့အခွင့်အရေးကောင်စီ အပါအဝင် နည်းလမ်းပေါင်းစုံသုံး၍ မြန်မာနိုင်ငံအပေါ် လုပ်ကြံစွပ်စွဲနေမှုများသည် လူ့အခွင့်အရေးကို မြှင့်တင်လို၍ မဟုတ်ဘဲ မြန်မာနိုင်ငံတွင် ၎င်းတို့ဩဇာခံရုပ်သေးအစိုးရ တင်နိုင်ရေးအတွက် နိုင်ငံရေးအရ နည်းအမျိုးမျိုးဖြင့် ဖိအားပေးနေသော ဖန်တီးမှုလုပ်ရပ်များသာဖြစ်ကြောင်း ဖော်ပြလိုက်ရပေသည်။ ။



ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် မိဘများနှင့် အစ်ကို၊ အစ်မများအား အမှူးထား၍ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၇)ရပ်ကွက် လှိုင်ထိပ်ခေါင်တင်လမ်းနေ ဒေါ်နုရွှေ၊ ဒေါ်ခင်ခင် သားသမီးမြေးမြစ်တစ်စုက ငွေကျပ် ၁၂၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်မုနိကုမာရထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘီးတပ်ကုလားထိုင်များ ထပ်ဆင့်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ကျန်းမာရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မသန်စွမ်းကျောင်းများသို့ ဘီးတပ်ကုလားထိုင်များ ထပ်ဆင့်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၃ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပျဉ်းမနားခရိုင်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဘီးတပ်ကုလားထိုင်များ ထပ်ဆင့်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး Latter Day Saint Charities (LDSC) က လှူဒါန်းထားသော ဘီးတပ်ကုလားထိုင်များကို ကျန်းမာရေးဝန်ကြီးဌာနသို့ ၁၉၂ စီး၊ သာသနာရေးဝန်ကြီးဌာနသို့ ၃၄ စီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အစီး ၃၀၊ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မသန်စွမ်းကျောင်းများသို့ ၂၅ စီး စုစုပေါင်း ဘီးတပ်ကုလားထိုင် ၂၈၁ စီးကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများကအသီးသီး လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကျန်းမာရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မသန်စွမ်းကျောင်းများသို့ ဘီးတပ်ကုလားထိုင်များ ထပ်ဆင့်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပုသိမ်မြို့ သိဒ္ဓိမဟာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မုခ်ဦးဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၅

ပုသိမ်မြို့ အနောက်ပိုင်းရှိ ရွှေတွင်းတူး ဒီပါရုံတောင်ကျွန်း ဗိုလ်တောင်ထွတ်၌ တည်ထားသော အောင်သိဒ္ဓိမဟာစေတီတော်၏ (၁၁)ကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မုခ်ဦးဖွင့်ပွဲကို မတ် ၂ ရက် တွင် ကျင်းပရာ မုခ်ဦးအလှူရှင် သစ်တောကျောင်းအုပ်ကြီး ဦးမြင့်အောင်၊ ဇနီး ဒေါက်တာဒေါ်အမာနီ (ပုသိမ်တက္ကသိုလ်ပါမောက္ခ/ဌာနမှူး)နှင့် မိသားစုက မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ရွှေတွင်းတူး ဆရာတော်နှင့်သံဃာတော်အပါး ၃၀ တို့က တရားတော်များ ဟောကြားပြီး ရေစက်ချမင်္ဂလာ ကျင်းပကြသည်။ ယင်းနောက် စေတီတော်နာယက ဦးထွန်းရှင်က အလှူရှင် မိသားစုအား အထိမ်းအမှတ်အလံကို ပေးအပ်ချီးမြှင့်သည်။

အလှူရှင် မိသားစုက အဆိုပါ မုခ်ဦးကို ငွေကျပ် ၃၇ သိန်း အကုန်အကျခံ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်တောကျောင်းအုပ်ကြီး ဦးမြင့်အောင်၊ ဇနီးဒေါက်တာဒေါ်အမာနီ မိသားစုက အောင်သိဒ္ဓိ မဟာစေတီတော်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ဇေတဝန် ၁၀ရက် တရားစခန်းနှင့် ထီးတော်များတင်လှူပွဲ

ရန်ကုန် မတ် ၁၅

သာဝတ္ထိမြို့ တောင်သုံးလုံးဇေတဝန် ပရိယတ္တိစာသင်တိုက်တွင် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တ ဝေပုလ္လ မဟာထေရ်၏ ဥပနိဿယကိုခံယူ၍ ၁၀ ရက်တရားစခန်းပြုလုပ်မည်ဖြစ်ရာ (တန်ခူးလဆန်း ၄ ရက်) မတ် ၂၁ရက်မှ စတင်မည်ဖြစ်ပြီး လယ်ဝေး ခရိုင် လယ်ဝေးမြို့ (ရန်အောင်မြင်-ရွှေလက်လှ-မဟာသိမ်တော်ကြီး) စေတီတော်မြတ်ကြီးကို တန်ခူးလပြည့်နေ့ ဧပြီ ၁ရက် (တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ထီးတော်တင်လှူပွဲများ ကျင်းပမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများ ဖုန်း-၀၆၇ ၂၂၅၈၇၊ လိုင်းခွဲ ၈၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော တက္ကသိုလ်ဝင် စာမေးပွဲ စေတနာကျောင်းပညာဒါနအတွက် ကွယ်လွန်သူ ဒေါ်နန်းချိုချိုခမ်းအားရည်စူး၍ လှိုမ်းထက်နိုင် ကျောက်မျက်ကုမ္ပဏီ ဦးနေဝင်းမိသားစုက ငွေကျပ်သုံးသိန်း လှူဒါန်းရာ မြို့နယ် အတွင်းရေးမှူး ဦးမြင့်ခိုင် လက်ခံစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ကချင်ပြည်နယ်သို့သွားရောက်၍ အလှူငွေနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာတို့သည် မတ် ၈ ရက်တွင် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြပြီး သားဖွားဆောင်နှင့် ကလေးကုသဆောင်တို့၌ လူနာများအားကြည့်ရှုအားပေး၍ ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် ဆေးရုံကြီးခန်းမ၌ ကျင်းပသော အလှူငွေ ပေးအပ်ပွဲ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ငွေကျပ်သုံးသိန်းကို အသင်းဥက္ကဋ္ဌက လည်းကောင်း၊ ချွဲစုပ်စက် ဝယ်ယူရန် အလှူငွေကျပ် ၁၈သိန်းကို ကချင်ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက လည်းကောင်း ပေးအပ်ကြရာ ဆေးရုံအုပ်ကြီးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌသည် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး ပြည်နယ်နှင့် ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အသင်းကြီး၏ လုပ်ငန်း ဆောင်ရွက်နေမှုများသည် ပြည်သူလူထုတစ်ရပ်လုံးကို လူမျိုး၊ ဘာသာ မခွဲခြားဘဲ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး တိုးတက်မြင့်မားရန် အခြား လူမှုရေးအသင်းအဖွဲ့များနှင့် အတူ ပူးပေါင်း၍ ကျေးလက်ဒေသအထိ ရောက်ရှိအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းရုံးသို့ သွားရောက်ပြီး အသင်းရုံး၌ အသင်းဥက္ကဋ္ဌက ငွေကျပ် ၅၆ သိန်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံသည်။

ဆက်လက်၍ အသင်းအတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ယင်လုံအိမ်သာဆောက်လုပ်ရေး အထောက်အကူပြု ပစ္စည်းများကို ပေးအပ်ရာ ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်သန်းက လက်ခံသည်။

ထို့အပြင် နာတာရှည်လူနာများအားလည်း ထောက်ပံ့ငွေနှင့် အာဟာရ အစားအစာများကို ပေးအပ်သည်။ ယင်းနောက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အသင်းပိုင် သားဖွားခန်းကို လှည့်လည်ကြည့်ရှုကြပြီး မိဘမဲ့ ကလေးပြုစုစောင့်ရှောက်ရေး ကျောင်းများသို့ သွားရောက်ပြီး အလှူငွေနှင့် ဆန်၊ ဆီများကို ပေးအပ်လှူဒါန်းကြသည်။

အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များသည် မတ် ၉ရက်တွင် မြစ်ကြီးနားမြို့ တပ်နယ်မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးငယ်များအား ကစားစရာ အရုပ်များကို ပေးအပ်ပြီး အသင်း၏ စက်ချုပ်သင်တန်းသို့လည်း သွားရောက်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သီလရှင်ကျောင်းနှင့် ပရဟိတကျောင်းတို့သို့ သွားရောက်ပြီး ဆန်၊ ဆီနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မတ် ၁၀ရက်တွင် အင်ဂျန်းယန်မြို့သို့ ရောက်ရှိကြပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အသင်းခွဲများ၏ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ အသင်း၏လုပ်ငန်းများကိုမှာကြားပြီး ပညာပေးလက်ကမ်းစာစောင်များကို ပေးအပ်သည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗန်းမော်မြို့သို့ ရောက်ရှိကြပြီး သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသော မိခင်ရင်သွေး ကျန်းမာရေး ရိပ်မြုံစီမံချက်ကို အသိပေးရှင်းလင်းခြင်းနှင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗန်းမော်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက စီမံချက် လုပ်ငန်းကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်သည့် မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ ဖွင့်လှစ်နိုင်ရေး အတွက် ပံ့ပိုးငွေကျပ် သိန်းငါးဆယ်ကို အသင်းဥက္ကဋ္ဌက ပေးအပ်ရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌကလက်ခံသည်။

ယင်းနောက် အသင်းအတွင်းရေးမှူးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ထောက်ပံ့သော စက်ဘီးနှစ်စီးနှင့် လက်ကမ်းစာစောင်များကိုပေးအပ်ရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာခင်မောင်ဝင်းက လက်ခံပြီး ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မိခင်ရင်သွေး ကျန်းမာရေး ရိပ်မြုံ ဆောက်လုပ်မည့်နေရာကို ကြည့်ရှုကြပြီး ဗန်းမော်မြို့ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ ဗန်းမော်ခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်ကုသပေးနေမှုကို ကြည့်ရှုအားပေးကြကာ လှူဖွယ်ပစ္စည်းများနှင့် ထောက်ပံ့ငွေများဖြင့် ကန်တော့၍ ညနေစာ အာဟာရကျွေးမွေးကြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗန်းမော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ဆေးရုံကြီး အတွက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းစဉ်။ (မိခင်/ကလေး)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် မတ် ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ဌာန
(က) ဗိုလ်မှူးကြီးခင်စိုး ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ခ) ဗိုလ်မှူးကြီးရန်နိုင်ဦး ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန

ရွှေယင်းမာမိုးကုတ် တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၁၅

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ရွှေယင်းမာရွာ ကျောင်းကြီးကျောင်း၌ ဆရာတော် ဦးနန္ဒာသီရိ၏ ဦးဆောင်မှုဖြင့် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ရွှေလုံ ဦးဇဋိလ၊ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ပုလဲ ဦးစန္ဒာလောက (သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ) B.A(Buddhism) တို့က ပဋ္ဌမအကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ ကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၁၃၆၈ခုနှစ် နှောင်းတန်ခူးလဆန်း၇ရက်) မတ်၂၄ရက်(စနေနေ့)မှ (နှောင်းတန်ခူးလဆန်း၁၄ရက်) မတ်၃၁ ရက် (စနေနေ့)အထိ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် (နှောင်းတန်ခူးလဆန်း ၆ရက်) မတ် ၂၃ရက် (သောကြာနေ့) ညနေအရောက် ကြွရောက်ကြပါရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ခေါင်းဆောင်မှုအကြောင်း ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၅

AMBO Co., Ltd. နှင့် AMBO Hotel Group မှ Chairman ဒေါက်တာနေဇင်လတ်၏ Leader, Leadership and Global View ဆွေးနွေးဟောပြောပွဲကို မတ် ၁၀ရက်တွင် ရန်ကုန်မြို့ Parkroyalဟိုတယ်၌ ကျင်းပရာ ဒေါက်တာနေဇင်လတ်က ခေါင်းဆောင်မှု (Leadership) ၏ အရေးကြီးပုံ၊ ခေါင်းဆောင်မှုပြဿနာ၊ ခေါင်းဆောင်မှုဆိုတာ ဘာလဲ၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု (Leadership and Management)၊ ထိရောက်သော ခေါင်းဆောင်များ (Effective Leaders) နှင့်ထိရောက်သော ခေါင်းဆောင်မှု (Effective Leadership)ဟူသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောသည်။ ဆွေးနွေးဟောပြောပွဲအပြီးတွင် တက်ရောက်လာသူ အချို့၏ မေးမြန်းချက်များကို ဒေါက်တာနေဇင်လတ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

AMBO Co., Ltd**နှင့်** AMBO Hotel Group **မှ** Chairman **ဒေါက်တာနေဇင်လတ်** Leader, Leadership and Global View **ကို ဆွေးနွေးဟောပြောစဉ်။** (သတင်းစဉ်)

အဆိုပါ ဆွေးနွေးဟောပြောပွဲကို တူဒေးစာအုပ်တိုက်၏ လစဉ်ထုတ် မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက စီစဉ်ပြီး Adam University နှင့် SMART Technical Services Co., Ltd.တို့က ပံ့ပိုးကူညီ၍ အခမ်းအနားတွင် တူဒေးတိုက်ထုတ်စာအုပ်တချို့ကို ၁၀ရာခိုင်နှုန်း လျှော့နှုန်းဖြင့် ရောင်းချခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ချင်းတွင်းအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲနှင့် ဂုဏ်ပြုပွဲများကျင်းပမည်

ရန်ကုန် မတ် ၁၅

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၈၀)နှင့်အထက် အသင်းဝင် ဘိုးဘွားများပူဇော်ပွဲ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူအသင်းဝင်များ၏ သားသမီးများ၊ နိုင်ငံတော်ကချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရ ချင်းတွင်းနယ်သူ၊ နယ်သားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ၂၀၀၇ခုနှစ် မတ် ၁၇ရက် နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဘာဝနာလမ်းရှိ ဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ သက်ပြည့် ဘိုးဘွားများ၊ ဂုဏ်ထူးနှစ်ဘာသာနှင့်အထက်ရရှိသော အသင်းဝင်များ၏ သားသမီးများ၊ ဆုရပုဂ္ဂိုလ်များနှင့် တက္ကသိုလ်ပညာသင် ထောက်ပံ့ဆုအတွက် ပညာရေးငွေပဒေသာပင်စိုက်ထူလိုသော ချင်းတွင်း နယ်သူ၊ နယ်သား စေတနာရှင်များသည် ဥက္ကဋ္ဌ ဦးဇော်ဝင်း ဖုန်း-၂၅၂၀၄၄၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် ဖုန်း-၅၃၄၇၆၄၊ ဗိုလ်မှူးကြီးပီကျော်ဟန်(ငြိမ်း) ဖုန်း-၅၇၈၂၉၁၊ ဒေါ်မေစန်းတင် ဖုန်း-၂၄၆၂၃၁၊ ဦးဝင်းငွေ ဖုန်း-၅၂၄၃၈၅နှင့် အသင်းတိုက်တည်ရှိရာ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ်(၂၇)၊ အခန်း(၅၇)သို့ ဆက်သွယ်သတင်းပေးပို့ကြပါရန်နှင့် အသင်းဝင်အားလုံးနှင့် အသင်းမဝင်ရသေးသည့် ချင်းတွင်းနယ်သားအားလုံး အခမ်းအနားသို့ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယုဇနပလာဇာတွင် တရားမဝင်ဆင်ဆာမဲ့ ဗွီစီဒီခွေများသိမ်းဆည်းရမိ

ရန်ကုန် မတ် ၁၅

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာ၌ မတ် ၁၃ရက်တွင် တရားမဝင် ဆင်ဆာမဲ့ဗွီစီဒီအခွေများ သိမ်းဆည်းရမိပြီး အခွေရောင်းချသူအား အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

မတ် ၁၃ရက် နံနက် ၁၀နာရီခွဲခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် ယုဇနပလာဇာ မြေညီထပ်ရှိ ဆိုင်အမှတ်(အမ်-၁၂)၌ ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်လမ်း၊ ကာရာအိုကေ မြန်မာသီချင်း ခိုးကူးခွေများနှင့် ညစ်ညမ်းဗွီစီဒီခွေ စုစုပေါင်း ၅၈၆၀ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဆိုင်ရှင်သူရအောင်အား မင်္ဂလာတောင်ညွန့်ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့အသက်ကြီးဆုံးအမျိုးသမီး ကွယ်လွန်

ဆန်ဆာဗေဒို မတ် ၁၂

ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသမီးကြီးဟု ယူဆရသော အသက် (၁၂၈) နှစ်ရှိ အယ်လ်ဆာဗေဒိုနိုင်ငံသူ အမျိုးသမီးသည် မတ် ၈ရက်က ကွယ်လွန်ကြောင်း ၎င်း၏ မိတ်ဆွေများက မတ် ၉ရက်တွင် ပြောကြားသည်။

ဆီရဇ်ဟာနန်ဒက်ဇ်ကို ၁၈၇၈ခုနှစ် မေ ၃ ရက်တွင် အယ်လ်ဆာဗေဒိုနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် သားသမီး ၁၃ ဦးထွန်းကားပြီး မြေး ၆၀၊ မြစ် ၈၀နှင့် တီ ၂၅ ယောက်ရှိသည်။

ကျင်းပ

၎င်း၏ (၁၂၈)နှစ်ပြည့်မွေးနေ့ကို ပြီးခဲ့သည့်မေလတွင် ဧည့်သည် ၂၀၀ ဖိတ်ကြား၍ ကျင်းပခဲ့သည်။ မွေးစာရင်းမှတ်ပုံတင်ဌာနကလည်း ၎င်း၏ အထောက်အထားမှတ်တမ်းများကို ဂင်းနစ်မှတ်တမ်းစာအုပ်အဖွဲ့ထံသို့ ယမန်နှစ်က ပေးပို့ခဲ့သော်လည်း မည်သည့်အကြောင်းပြန်ကြားမှုကိုမျှ မရရှိခဲ့ပေ။

ဂင်းနစ်စာအုပ်တွင် အမေရိကန်နိုင်ငံသူ အသက် (၁၁၄)နှစ်ရှိ အီမာဖက်စ်တေးမန်အား အသက်အကြီးဆုံးအမျိုးသမီးအဖြစ် ဖော်ပြထားသည်။ ၎င်းသည် ယခုနှစ်ဇန်နဝါရီလတွင် ကွယ်လွန်သွားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဒူဘိုင်း နိုင်ငံတကာလေဆိပ်မှ ပျံတက်စဉ် လေယာဉ်ဘီးချွတ်ယွင်းမှု ဖြစ်ပွားသော ဘင်္ဂလားဒေ့ရှ် လေယာဉ်ကို မတ် ၁၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



သက်ကြီးရွယ်အို အမျိုးသမီးကြီးနှစ်ဦး နယူးယောက် ကွင်းစ်ဒေသ၌ ထိုးကြိတ်လုယက်ခံရ

နယူးယောက် မတ် ၁၄

အမေရိကန်ပြည်ထောင်စု ကွင်းစ်ဒေသ၌ သက်ကြီးရွယ်အိုအမျိုးသမီးကြီး နှစ်ဦးကို လုယက်သူတစ်ဦးက တိုက်ခိုက်ခဲ့သည့်သတင်းနှင့်ဓာတ်ပုံများကို နယူးယောက်မြို့ လမ်းများပေါ်တွင် သတင်းစာဖတ်ပရိသတ်များက ဝိုင်းအုံဖတ်ရှုနေကြသည်။ အတိုက်ခိုက်ခံရသူများတွင် အသက်(၁၀၁)နှစ်ရှိသူတစ်ဦးလည်း ပါဝင်သည်။

အလုခံရ

အခြားအမျိုးသမီး တစ်ဦးသည် အသက် (၈၅)နှစ်အရွယ်ရှိသူဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် အလုခံရပြီး တိုက်ခိုက်ခံရသည့် ဒဏ်ရာများမှ ပြန်လည်သက်သာလာပြီ ဖြစ်သည်။ ယင်းဖြစ်ရပ်သည်လွန်ခဲ့သည့် ရက်သတ္တပတ်က ဖြစ်ပွားခဲ့သော်လည်း ရက်အတန်ကြာမှ သတင်းပေါ်ထွက်လာခြင်းဖြစ်သည်။

သတင်းစာသို့ ပြောကြား

မိမိအနေဖြင့် လုယက်သူကိုပြန်လည်တိုက်ခိုက်ရန် ဆန္ဒရှိကြောင်း၊ လွန်ခဲ့သည့် ၁၅နှစ်အတွင်းကသာ ယခုကဲ့သို့ ဖြစ်ပျက် ခဲ့ပါကလုံးထွေးသတ်ပုတ်မည်ဟု အသက်(၁၀၁)နှစ်ရှိ ရို့စ်မိုရက်က နယူးယောက်ပို့စ် သတင်းစာသို့ ပြောကြားသည်။

၎င်းအမျိုးသမီးကြီး နှစ်ဦးသည် ၃၅ ဒေါ်လာခန့်နှင့် ထိုးကြိတ်လုယက်ခံရပြီး မိုရက်မှာ မေးရိုးကျိုးသွားခဲ့သည်။ အခြားအမျိုးသမီးကြီးတစ်ဦးမှာ လက်ထပ်လက်စွပ်အပါအဝင် လက်စွပ်နှစ်ကွင်း လုယူခံလိုက်ရသည်။

မသင်္ကာသူ

ရဲတပ်ဖွဲ့ကလုယက်မှု မသင်္ကာသူ၏ ဓာတ်ပုံများကို ဖြန့်ဝေခဲ့သည်။ အဆိုပါ လုယက်သူ၏ ဓာတ်ပုံကို ထောက်လှမ်းရေး ဗီဒီယိုကင်မရာ၏ အကူ အညီဖြင့် ရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

လင်မယားကွာရှင်းမှု လျော်ကြေးရခဲ့သူ ဓားပြတိုက်ခံရ

လန်ဒန် မတ် ၁၂

ဗြိတိန်နိုင်ငံ၌ဖြစ်ပွားသော လင်မယားကွာရှင်းမှုများတွင် စံချိန်တင်လျော်ကြေးရရှိခဲ့သူ အမျိုးသမီးကြီးမှာ ယခုရက်ပိုင်းအတွင်း အင်္ဂလန်တောင်ပိုင်း ကင့်န်အရပ်ရှိသူမ၏နေအိမ်တွင် ဓားပြတိုက်ခံရသဖြင့် ပေါင်ငွေထောင်ပေါင်းများစွာတန်သော ငွေနှင့် လက်ဝတ်ရတနာများဆုံးရှုံးသွားကြောင်း မတ် ၁၁ရက်တွင် ထွက်ပေါ်လာသော မီဒီယာသတင်းများက ဖော်ပြသည်။

အသက်(၅၃)နှစ်အရွယ်ရှိ ဗီဗလီချက်ပ်မင်ခေါ် အမျိုးသမီးကြီးသည် ယမန်နှစ်ကဖြစ်ပွားသော လင်မယားကွာရှင်းမှုတွင် လျော်ကြေးငွေပေါင် ၄၈သန်း ရရှိခဲ့သည်။ မတ် ၁၀ရက်ညက နေအိမ်၌ ၎င်းတစ်ဦးတည်းရှိစဉ် မျက်နှာဖုံးစွပ်ထားသော သေနတ်ကိုင်လူဆိုး ဝင်ရောက်လာပြီး ဓားပြတိုက်သွားခြင်းဖြစ်သည်ဟု ကင့်န်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အခင်းဖြစ်ပွားမှုတွင် ဓားပြကိုင်ဆောင်သောလက်နက်သည် သေနတ်အတုဖြစ်ဖွယ်ရာရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဓားပြသည် အမျိုးသမီးကြီးကို အကြမ်းဖက်ခြင်း၊ တစ်စုံတစ်ရာအနာတရဖြစ်အောင် ပြုလုပ်ခဲ့ခြင်းမရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဂျင်တီးနားလိုဏ်ဂူများ ပျက်စီးနိုင်မှု သိပ္ပံပညာရှင်များ သတိပေး

ဗျူနိုအေရီ မတ် ၁၂

အာဂျင်တီးနားနိုင်ငံတွင် သတ္တုတွင်းလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့ကြောင့် လိုဏ်ဂူများ ပျက်စီးနိုင်ကြောင်း သိပ္ပံပညာရှင်တစ်ဦးက မတ် ၁၂ရက်တွင် သတိပေးလိုက်သည်။

အရေးကြီး

လိုဏ်ဂူများသည် မြေအောက်ဂေဟစနစ်များအတွက် အရေးပါသလို ရှေးဟောင်းသုတေသနလုပ်ငန်းအတွက်လည်း အရေးကြီးကြောင်း လိုဏ်ဂူဆိုင်ရာ သိပ္ပံပညာရှင် ကာလို့စ်ဘင်နီဒေါ့က ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံတွင် ရှေးဟောင်းလိုဏ်ဂူများ ထိန်းသိမ်းစောင့်ရှောက်ရန် ဥပဒေများထုတ်ပြန်ပေးခဲ့သော်လည်း ဥပဒေများမှာ အာဏာသက်ဝင်မှု အားနည်းနေသည်။

ပျက်စီးသွားနိုင်

လွန်ခဲ့သည့် ငါးနှစ်ခန့်မှစ၍ အာဂျင်တီးနားအစိုးရက သတ္တုတွင်းလုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့ကို ပိုမိုဦးစားပေးလာခဲ့သည်။ အာဂျင်တီးနားနိုင်ငံရှိ ရှေးဟောင်းလိုဏ်ဂူများမှာ စူးစမ်းလေ့လာစရာ အများအပြားရှိနေကြောင်း၊ လိုဏ်ဂူများပျက်စီးခြင်းဖြင့် မြေအောက်ဂေဟစနစ်များ ပျက်စီးသွားနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံတွင် မြေအောက်လိုဏ်ဂူ ရာပေါင်းများစွာရှိသည်။ ယင်းလိုဏ်ဂူများအနက် လိုဏ်ဂူ ၃၀၀ ကျော်ကို မှတ်တမ်းတင်နိုင်ခဲ့ပြီးဖြစ်သည်။ မှတ်တမ်းတင်နိုင်ခြင်းမရှိသေးသော လိုဏ်ဂူအရေအတွက်မှာ အလွန်ပင်များပြားကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

အိန္ဒိယနှင့် ပါကစ္စတန် စတုတ္ထအကြိမ်ဆွေးနွေးပွဲ အစ္စလမ္မာဘတ်တွင် ကျင်းပ

အစ္စလမ္မာဘတ် မတ် ၁၄

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံ စတုတ္ထအကြိမ် နိုင်ငံခြားရေးဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးပွဲကို ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တွင် အင်္ဂါနေ့က ကျင်းပကြောင်း ပါကစ္စတန်ရေဒီယိုက ကြေညာသည်။

ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံတို့က ကက်ရှ်မီးယားကိစ္စ၊ စီယာချင်၊ ဆာစရိနှင့် ဂူလာဘားရေးချ်ကိစ္စများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု နှိမ်နင်းရေး၊ ကုန်သွယ်ရေးနှင့် စီးပွားကူးသန်း ရောင်းဝယ်ရေး စသည့်ကိစ္စများ ဆွေးနွေးကြမည်ဖြစ်သည်။

ထရပ်ကားပြေးဆွဲရေး

ထို့အပြင် ဆရီနာဂါနှင့်မူဇာပါရာ ဘတ်ဒေသအတွင်း ထရပ်ယာဉ်ပြေးဆွဲရေး စသည့်အကြောင်းအရာများကိုလည်း ဆွေးနွေးကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မတ် ၁၂ရက်က တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ ဇီဝနည်းပညာသုတေသနဌာနတွင် သိပ္ပံပညာရှင်များအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီလက်ထရွန်နစ်လုပ်ငန်း ဂျေဗွီစီက ဈေးကွက်တင်လာသော ဒီဂျစ်တယ် ဗီဒီယိုကင်မရာအသစ်တစ်မျိုးကို မတ် ၁၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက် တောင်ပိုင်းတွင် ဗုံးပေါက်ကွဲ

ဘဂ္ဂဒက် မတ် ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းဒေသတွင် ဗုံးပေါက်ကွဲမှု နှစ်ကြိမ် ဖြစ်ပွားခဲ့စဉ်အတွင်း ရဲတပ်ဖွဲ့ဝင် ငါးဦးအပါအဝင် လူ ခုနစ်ဦးသေဆုံးပြီး အခြားလူငါးဦး တနင်္ဂနွေနေ့တွင် ဒဏ်ရာရရှိခဲ့ကြောင်း ရဲသတင်းရပ်ကွက်က ပြောကြားသည်။

အီရတ်ရဲတပ်ဖွဲ့မှ ဗုံးကျွမ်းကျင်သူများ ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းဒေသ မူဆေယက်မြို့ရှိ အထင်ကရ လမ်းမပေါ်တွင် ဗုံးစနက်တံဖြုတ်ရန် ကြိုးပမ်းနေစဉ် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့မှ ဗုံးကျွမ်းကျင်သူငါးဦး သေဆုံးခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ ဟန့်တားနှောင့်ယှက်မှုများသည် ဒေသဖွံ့ဖြိုးတိုးတက်မှု ထိခိုက်စေပြီး ဒီမိုကရေစီထူထောင်ရေးကို နှောင့်နှေးစေမည်ဖြစ်

ရန်ကုန် မတ် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၁၁ ရက် နံနက် ၇ နာရီတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းဖြစ်သည့် ထီးလင်းမြို့မှ ထီးလင်း၊ ဝါးရင်းချိုင်၊ လက်ပန်၊ လုံးပေါင်၊ ဆင်စွယ် အရှည် ၁၂ မိုင်ရှိ မြေသားလမ်းကို မော်တော်ယာဉ်များဖြင့် သွားရောက်ပြီး ချောင်းကူးတံတားများ အမြန်တည်ဆောက်ပြီးစီးရေးအတွက် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများအား ညှိနှိုင်းမှာကြားဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆင်စွယ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲအတွက် ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်နှင့် မဂ္ဂဇင်း၊ ဂျာနယ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဆိုပါလမ်းမှာ လမ်းအူကြောင်း ရှာဖွေခြင်း၊ မြေထိုးစက်ဖြင့် မြေသားလမ်း ဖောက်လုပ်ခြင်း ပထမဆင့် လုပ်ငန်းများ ပြီးစီးပြီဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၂၅ သိန်း ပံ့ပိုးကူညီခဲ့ပြီး ကျောက်ခင်းခြင်း၊ တံတား တည်ဆောက်ခြင်းတို့ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပြည်သူလူထုတို့က ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ထီးလင်းမြို့နယ် ဆင်စွယ်ကျေးရွာသို့ ရောက်ရှိ၍ ဓမ္မစက္ကကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး အဆိုပါ ဓမ္မစက္ကကျောင်း၌ ဆင်စွယ်ကျေးရွာအုပ်စုရှိ ကျေးရွာ ခုနစ်ရွာတို့မှ ကျေးလက်ပြည်သူ အင်အား ၁၃၀၀ ကျော်နှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျေးရွာအုပ်စုများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ စောင်ရေ ၄၅၀ ကို ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးရွာစည်းရုံးရေးမှူး ဦးဆန်းဝင်းက ပေးအပ်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆင်စွယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ပလတ်စတစ် ကြိုးခွေများကိုလည်းကောင်း၊ ကျောင်းသုံးဖတ်စာအုပ်အစုံ ၁၀၀ နှင့် ဗလာစာအုပ် ဒါဇင် ၅၀တို့ကို လည်းကောင်း၊ မဂ္ဂဇင်း၊ ဂျာနယ်တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ထီးလင်းမြို့နယ် ဦးနှောက်ကျေးရွာသို့ ရောက်ရှိ၍ ဓမ္မိကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တပညာသဒ္ဓိအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် အဆိုပါ ကျောင်း၌ ဦးနှောက်ကျေးရွာအုပ်စုရှိ ကျေးရွာ ရှစ်ရွာတို့မှ ကျေးလက်ပြည်သူအင်အား ၉၀၀ကျော်နှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး ဦးနှောက်ကျေးရွာအုပ်စုမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ အစောင် ၅၅၀ ကို ကျေးရွာစည်းရုံးရေးမှူးက ဗဟိုအတွင်းရေးမှူး ဝန်ကြီးထံ ပေးအပ်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဦးနှောက်ကျေးရွာ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ကျောင်းသုံးဖတ်စာအုပ် အစုံ ၁၀၀နှင့် ဗလာစာအုပ် ဒါဇင် ၅၀ တို့ကိုလည်းကောင်း၊ ဆပ်ပြာများကိုလည်းကောင်း၊ မဂ္ဂဇင်းနှင့် ဂျာနယ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ထီးလင်းမြို့နယ် ဝါးရင်းချိုင်ကျေးရွာ အမှတ်(၃၃) အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိ၍ ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အဆိုပါကျောင်းခန်းမ၌ ကျေးရွာငါးရွာတို့မှ ကျေးလက်ပြည်သူ ၅၀၀ကျော်အား တွေ့ဆုံကာ အမှာစကားပြောကြားသည်။

ထို့နောက် ဝါးရင်းချိုင်ကျေးရွာ စာသင်ကျောင်းအတွက် ဗလာစာအုပ်များကို ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပေးအပ်လှူဒါန်းရာ ကျေးရွာမှ တာဝန်ရှိသူများက လက်ခံကြသည်။

ဆောင်ရွက်ပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မကွေးတိုင်း ထီးလင်းမြို့နယ်အတွင်း ကွင်းဆင်း၍ ဆင်စွယ်ကျေးရွာအုပ်စု၊ ဦးနှောက်ကျေးရွာအုပ်စုနှင့် ဝါးရင်းချိုင်ကျေးရွာအုပ်စုတို့မှ ကျေးလက်ပြည်သူများအား တွေ့ဆုံမှာကြားရာတွင် မိမိတို့အနေဖြင့် ကျေးလက်ဒေသများသို့ ကွင်းဆင်းလာရောက်ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးလက်ဒေသနေ ပြည်သူများ၏အခြေအနေကို အသေးစိတ်သိရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အပြင် ကျေးလက်ဒေသ မီးလင်းရေးနှင့် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ ပြည်သူများနှင့် ထိတွေ့ပြီး ငွေကြေး၊ ပစ္စည်း၊ အကြံဉာဏ်တို့ဖြင့် ပံ့ပိုးဆောင်ရွက်ပေးနေခြင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

သို့သော်လည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်နေသည့် အခြေအနေကောင်းများကို ပျက်စီးအောင် အစဉ်တစိုက် ဆောင်ရွက်နေကြသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်မှု၊ ထိပ်တိုက်ရင်ဆိုင်မှုများသည် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ပြီး ပြည်သူများ လိုလားကြသည့် ဒီမိုကရေစီစနစ် ထူထောင်ရေးကိစ္စများကိုပါ နှောင့်နှေးစေမည်ဖြစ်ကြောင်း၊ ထို့အတူ ပြည်ပမှုသြဇာခံ တပည့်မွေး၍ ခေတ်သစ်ကျွန်ပြုနည်းဖြင့် ကျွန်ပြုမှု မခံရစေရေးကို ပြည်သူများ သတိပြုစေလိုကြောင်း၊ ယင်းအဖွဲ့များ၏ လုပ်ဆောင်မှုများက အင်မတန် အန္တရာယ်ကြီးကြောင်း၊ ၎င်းတို့ကိုသတိပြုပြီး မထိန်းနိုင်လျှင် သမိုင်းတစ်ပတ်လည်ပြီး တိုင်းပြည်နှင့် လူမျိုးသည် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ကာလများကဲ့သို့ ဖွံ့ဖြိုးမှုအနည်းဆုံးဘဝ၊ အနိမ့်ကျဆုံး ဘဝကို ရောက်ရှိသွားနိုင်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် တိုင်းပြည်တည်ဆောက်ရေးကဏ္ဍများတွင်သာမက အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို ဟန့်တားကာကွယ် တိုက်ဖျက်ချေမှုန်းရေးတွင်ပါ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်လက်တွဲ ကူညီသင့်ကြောင်းဖြင့် ပြောကြားသွားသည်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်းများ ဂါရဝပြုလှူဒါန်း

မတ် ၁ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ဘိုးဘွားများအား ဂုဏ်ပြုလှူဒါန်းပွဲကို ဒေးဒနောစံပြကျေးရွာ ဘိုးဘွားရိပ်သာ၌ ကျင်းပရာ တွံတေးမြို့နယ်မှ အလှူရှင် ဦးငွေသောင်းနှင့် မောင်နှမများက လှူဖွယ်ပစ္စည်းများ ဂါရဝပြုလှူဒါန်းစဉ်။ (၅၂၉)

မဟာဗောဓိ ဆုတောင်းပြည့် စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာကျင်းပ

ရန်ကုန် မတ် ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် တရုတ်မော်ရွာဦးရှိ ဝိဇာတကုန်းတော်မြတ်၌ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြန်မာကျောင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဗုဒ္ဓဂယာဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒ၏ မိဘနှစ်ပါးအား ရည်စူး၍ တည်ထားသော အနန္တဂုဏ်ရည် ရန်ပြေမာန်ပြေ မဟာဗောဓိ ဆုတောင်းပြည့်စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာ၊ ဌာပနာတော်ပိတ်ပွဲ၊ အောင်ပွဲနှင့် တရားတော်နာ ရေစက်ချမင်္ဂလာ အခမ်းအနားကို မတ် ၇ ရက် နံနက် ၈ နာရီတွင် အဆိုပါ စေတီတော်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပရိသတ်များက ဗုဒ္ဓဂယာဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒထံမှ နဝင်္ဂသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများနှင့် ပင့်သံဃာ ၁၁၇ ပါးတို့အား ဆွမ်းဆွမ်းများ၊ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၏ ဆွမ်းဝေယျာဝစ္စ၊ ဝိသာခါ သာသနာ့နုဂ္ဂဟအဖွဲ့နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်၊ ရွှေတောင်မှဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များက ဌာပနာတော်ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြကာ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ရွှေသုဝဏ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသဒ္ဓိယ ဦးဆောင်၍ အလယ်ပစ္စယံ၌ ဌာပနာတော်ပိတ်သွင်းသည်။

ဆက်လက်၍ ဗုဒ္ဓဂယာဆရာတော် ဦးဆောင်သော သံဃာတော် ၁၈ပါးတို့က စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ကြပြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ (Ph.D) D.Litt ချီးမြှင့်သော အနုမောဒနာတရား နာယူကြကာ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဗုဒ္ဓဂယာဆရာတော် တည်ဆောက်လှူဒါန်းသည့် အဆိုပါ စေတီတော်မှာ ဉာဏ်တော် ၃၆ ပေ၊ လုံးပတ် ပေ ၄၀ X ၄၅ ပေရှိပြီး ခုနစ်ရက်သားသမီးများ စုပေါင်းလှူဒါန်းထားသော နဝကမ္မအလှူတော် ငွေကျပ်သိန်း ၄၅၀ အကုန်အကျခံ တည်ဆောက်ထား ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျောက်စိမ်းအတွဲများ တတိယနေ့ ဆက်လက်ရောင်းချ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် ၃၃၉၉ဦး တက်ရောက်ဝယ်ယူလျက်ရှိ

ရန်ကုန် မတ် ၁၅

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် တတိယနေ့အဖြစ် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ ခန်းမ၌ ဆက်လက်ရောင်းချသည်။

ရောင်းချခဲ့ရ

ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၄ နာရီမှ ညနေ ၆နာရီခွဲအထိ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၄၁၉တွဲကို ပြည်တွင်း ပြည်ပရတနာကုန်သည်များက ဝယ်ယူခဲ့ကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲ ၁၄၁၇ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရသည်။

ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲ ပေါင်း ၇၁၆ တွဲ ရောင်းချခဲ့ရသည်။

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၃ နိုင်ငံမှ ရတနာကုန်သည် ၂၀၅၂ ဦးနှင့် ပြည်တွင်း နိုင်ငံသားရတနာကုန်သည် ၁၃၄၇ဦး စုစုပေါင်းရတနာကုန်သည် ၃၃၉၉ဦးတို့ တက်ရောက်၍ ဝယ်ယူ လျက်ရှိကြသည်။

ဆက်လက်ရောင်းချသွားမည်

ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို မတ် ၁၆ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် စတုတ္ထနေ့အဖြစ် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ကြရမည့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး

ဦးငွေသိန်း
(ကုမ္ပဏီလမ်းညွှန်)

၂၈–၁–၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ ဆောင်းပါးရှင် သိန်းထွန်းရဲ့ **"ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များမှသည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးသို့"** ဆောင်းပါးကို ဖတ်လိုက်ရပါတယ်။ စာရေးသူရဲ့ မိတ်ဆွေတစ်ဦးက အသိပေးလို့ ဒီဆောင်းပါးကို ထဲထဲဝင်ဝင်အလေးအနက် ဖတ်ရှုကြည့်မိပါတယ်။ စာရေးသူတို့ နိုင်ငံတိုးတက်ရေးအတွက် အရေးပါတဲ့လုပ်ငန်းစဉ် တစ်ခုဖြစ်တာမို့ OVOP လို့ အတိုကောက်ခေါ်တဲ့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်မှုကို ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်နိုင်ကြစေဖို့ အခုဆောင်းပါးကို ထပ်ဆင့် ရေးသားလိုက်ရတာ ဖြစ်ပါတယ်။

OVOP အစ မြန်မာက

OVOP လုပ်ငန်းကို ဂျပန်နိုင်ငံမှာ ၁၉၇၉ ခုနှစ်က Dr.Morihiko Hiramatsu စတင်အကောင်အထည်ဖော် လုပ်ဆောင်ခဲ့တယ်လို့ ဆိုပေမယ့် ဒီလုပ်ငန်းကို အမှန်တကယ် စတင်လုပ်ဆောင် အကောင်အထည်ဖော်ခဲ့တဲ့နိုင်ငံက စာရေးသူတို့ မြန်မာနိုင်ငံဖြစ်ပါတယ်။ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ကျေးရွာတစ်ရွာချင်းအလိုက် ထုတ်ကုန်တစ်မျိုးစီ ထုတ်လုပ်ခဲ့တဲ့ရွာတွေကို ထုတ်လုပ်တဲ့ ကုန်ပစ္စည်းအမျိုးအမည်ကိုလိုက်ပြီး ပန်းပဲရွာ၊ အိုးရွာစသည်ဖြင့် အမည်နာမတွေပေးခဲ့တဲ့ အထောက်အထားတွေရှိပါတယ်။ စတင်လုပ်ဆောင်ခဲ့မှုအရ တွက်ကြည့်ရင် OVOP အစ မြန်မာကလို့သော်မှ ဆိုနိုင်ကောင်းပါတယ်။

သို့ပေမယ့် တစ်ကျောင်းတစ်ဂါထာတစ်ရွာတစ်ပုဒ်ဆန်းဆိုတာလို မိမိတို့ ကိုယ်ပိုင်ပုံစံနဲ့ တစ်ပိုင်တစ်နိုင်သာ လုပ်ဆောင်ခဲ့ကြပြီး စနစ်တကျ ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းတည်ထောင် လုပ်ကိုင်အကောင်အထည်ဖော်ခဲ့ခြင်းမရှိခဲ့ကြတာရယ်၊ ထုတ်ကုန်ပစ္စည်းရဲ့ အရည်အသွေးထိန်းသိမ်းမှု သဘောတရားတွေမှာ အားနည်းတာတွေရယ်၊ ဈေးကွက် သဘောတရားတွေကို နားလည်သဘောပေါက်မှု မရှိတာတွေရယ်ကြောင့် လုပ်ငန်းတစ်ခုအနေနဲ့ အစပြုခဲ့ကြပေမယ့် လူသိများအောင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရောင်းချနိုင်မှုမရှိခဲ့တာ ဖြစ်တယ်လို့ သုံးသပ်နိုင်ပါတယ်။

ကမ္ဘာ့ဈေးကွက်မှာ နေရာယူခဲ့ဖူးတဲ့ ရွာလွတ်ကဆေးတံ

ဒီနေရာမှာ အလျဉ်းသင့်လို့ ကမ္ဘာ့ဈေးကွက်မှာတစ်ချိန်က နေရာယူခဲ့ဖူးတဲ့ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတစ်မျိုးကို အသိပေးလိုပါတယ်။ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာက ထုတ်တဲ့ဆေးတံဟာ ကမ္ဘာမှာ နာမည်ရပါတယ်။ မြန်မာနိုင်ငံကနေ နိုင်ငံခြားတိုင်းပြည်တစ်ခုကို ပညာတော်သင်သွားခဲ့သူတစ်ဦးက ဆိုင်တစ်ဆိုင်ကိုသွားပြီး ဆေးတံဝယ်ယူရာမှာ ကိုယ့်နိုင်ငံက ထုတ်လုပ်တဲ့ ဆေးတံမှန်းမသိဘဲ ရွာလွတ်က ဆေးတံကို ဒေါ်လာငွေနဲ့ပေးပြီး ဝယ်ယူခဲ့ရဖူးတယ်၊ နောက်မှ မြန်မာနိုင်ငံက ထုတ်တဲ့ဆေးတံဆိုတာ သိခဲ့ရတယ်လို့ဆိုတယ်။

OVOP ကို ဘယ်လိုအကောင်အထည် ဖော်ကြမလဲ

OVOP ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပြီး ရေရှည်အောင်မြင်မှုရရှိနိုင်စေဖို့ Stakeholder လို့ခေါ်တဲ့ ငွေကြေးထည့်ဝင်ကြတဲ့ အစုရှယ်ယာရှင်တွေ၊ လုပ်ငန်းမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်သူတွေ၊ ကုန်ကြမ်းပစ္စည်း ဖြည့်ဆည်းပေးသူတွေ၊ ဝယ်ယူအသုံးပြုကြမယ့် ဖောက်သည်တွေ၊ လုပ်ငန်းပြိုင်ဆိုင်သူတွေအားလုံး ကျရာအခန်းတွေကနေ တက်ညီလက်ညီ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

OVOP လုပ်ငန်းက နိုင်ငံတစ်နိုင်ငံလုံး တိုးတက်ဖွံ့ဖြိုးစေရေးကို ဦးတည်တာဖြစ်တဲ့အတွက် တစ်ဦးကောင်း တစ်ယောက်ကောင်းပုံစံနဲ့ လုပ်ဆောင်လို့မရဘဲ အားလုံး တစ်ဦးချင်းစီ တက်ညီလက်ညီပါဝင်ပူးပေါင်း အကောင်အထည်ဖော်ပြီး ရလာတဲ့အကျိုးအမြတ်တွေကို မျှဝေခံစားကြရမှာ ဖြစ်ပါတယ်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး အစီအစဉ်တွေနဲ့ နိုင်ငံရဲ့ကုန်ထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုအားပြည့် ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်ကြတာနဲ့အမျှ ကျေးလက်ဒေသတွေမှာ ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရေး၊ နိုင်ငံ့စီးပွား တိုးတက်စေရေးတို့အတွက် များစွာအကျိုး သက်ရောက်အထောက်အကူပြုနိုင်မှာ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

OVOP လုပ်ငန်းတွေ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ Business Plan လို့ခေါ်တဲ့ လုပ်ငန်းစီမံချက်ရေးဆွဲဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါမှ လူ၊ ငွေကြေးနဲ့ ကုန်ကြမ်းပစ္စည်း ရင်းမြစ်တွေကို စနစ်တကျ အသုံးပြုပြီး ရေရှည်အောင်မြင်မှုရရှိအောင် ရုပ်လုံးဖော်နိုင်ကြမှာဖြစ်ပါတယ်။ စာရေးသူတို့ မြန်မာနိုင်ငံမှာ သဘာဝက ပေးအပ်ထားတဲ့ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေ အလျှံပယ် ပေါကြွယ်ဝတယ်ဆိုတာ လူတိုင်းအသိဖြစ်ပါတယ်။ ဒီလိုပေါကြွယ်ဝတဲ့ သယံဇာတပစ္စည်းတွေကို စည်းကမ်းရှိရှိ စနစ်တကျအသုံးပြုခြင်းအားဖြင့် နိုင်ငံနှင့်လူမျိုးအတွက် ရေရှည်အကျိုးရှိအောင် လုပ်ဆောင်နိုင်ကြမှာ ဖြစ်ပါတယ်။

ယခုအခါ နိုင်ငံတော်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်နေပါတယ်။ ဒါကလည်း နိုင်ငံတော်အကြီးအကဲရဲ့ အမြော်အမြင်နဲ့ ရေရှည်အကျိုးရှိ အောင် လုပ်ဆောင်နေကြတာပဲ ဖြစ်ပါတယ်။ အဲဒီ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်ထဲမှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားတိုးတက် ဖွံ့ဖြိုးတိုးတက်ရေးတွေနဲ့တကွ ကျေးလက်ဒေသ မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက် ထူထောင်ရေး စတာတွေ ပါဝင်တာကို တွေ့ရပါတယ်။

လုပ်ငန်းစဉ်ကြီးငါးရပ်ထဲမှာ အဓိကကျတဲ့အချက်က စီးပွားရေး တိုးတက်ခိုင်မာမှု ရရှိနိုင်ရေး ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံလုံး စီးပွားရေး တိုးတက်ခိုင်မာရင် ကျန်လုပ်ငန်းတွေကို ဟန်ချက်ညီညီ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ကြမှာ ဖြစ်ပါတယ်။ OVOP လုပ်ငန်းစဉ်တွေကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြမယ်ဆိုရင် နိုင်ငံတော် အနေနဲ့ အချိန်တိုအတွင်းမှာ ဘက်ပေါင်းစုံ တိုးတက်လာမှာ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

OVOP ကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ တိုင်းနှင့်ပြည်နယ်တွေအလိုက် OVOP ကို အကောင်အထည်ဖော်ပေးနိုင်မယ့် အဖွဲ့တွေ ဖွဲ့စည်းကြရမယ်။ တိုင်းနဲ့ ပြည်နယ်တွေအလိုက် ကျေးရွာတွေအချင်းချင်း ထုတ်ကုန်အရည်အသွေးကောင်းမွန်လာစေမယ့် ပြိုင်ဆိုင်မှုတွေ လုပ်ပေးရမယ်။ အဲဒီကနေ နောက်တစ်ဆင့် တိုင်းနဲ့ပြည်နယ်အလိုက် ပြိုင်ပွဲတွေ လုပ်ပေးရမယ်။ တစ်ဆင့်ပြီးတစ်ဆင့် ထုတ်ကုန်အရည်အသွေး တိုးတက် ကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်တာနဲ့အမျှ နိုင်ငံတကာ ဈေးကွက်မှာ မျက်နှာပန်းလှတဲ့ ထုတ်ကုန်တွေ ဖြစ်လာစေမယ်။ နိုင်ငံတကာ ဈေးကွက် ရှာဖွေရမှု လွယ်ကူပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိနိုင်စေမှာ ဖြစ်ပါတယ်။

ဒီလို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်စေဖို့ အဓိကကျတဲ့ အောင်မြင်မှု ရရှိနိုင်စေမယ့်အချက် (Critical Success Factors) တွေ ရှာဖွေစဉ်းစားကြရမယ်။ အထူးသဖြင့် အသိဉာဏ်တိုးတက်ဖွံ့ဖြိုးရေးကို မျက်ခြည်ပြတ်မခံဘဲ လုပ်ဆောင်နေကြရမယ်။ စီးပွားရေးအမြင် တိုးတက်မြင့်မားလာစေမယ့် သင်တန်းတွေကို အမြဲမပြတ် ပေးနေရမယ်။ (Ever Learning Organization) လို့ခေါ်တဲ့ အမြဲသင်ယူနေကြရမယ့် အဖွဲ့အစည်းတွေအဖြစ် ထူထောင်ကြရမယ်။ နောက်တစ်ချက်က မိမိတို့ဒေသအတွင်းမှာ ရရှိနိုင်သမျှ ရင်းမြစ်တွေကို ဖော်ထုတ်ကြရမယ်။ စီးပွားရေးလုပ်ငန်းတွေမှာ ထုတ်ကုန်အတွက် ကုန်ကြမ်းရင်းမြစ်တွေက အရေးပါတယ်။ ကုန်ကြမ်းရင်းမြစ်တွေ ဘယ်လောက်အချိန် အတိုင်းအတာအထိရနိုင်မယ့် ကုန်ကြမ်းတွေ ပြတ်လပ်မှုမရှိအောင် ကြိုတင်စီမံထားကြရမယ်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဒေသဖွံ့ဖြိုး စီးပွားတိုး

စာရေးသူရဲ့ မိတ်ဆွေတစ်ယောက် ရွှံ့နဲ့လုပ်တဲ့ အရုပ်ကလေးတွေ ပြင်သစ်နိုင်ငံကို တင်ပို့တဲ့လုပ်ငန်းလုပ်နေတယ်။ သူ့ရဲ့လုပ်ငန်းမှာ အဓိကကျတဲ့ကုန်ကြမ်းပစ္စည်းက ရွှံ့ဖြစ်တယ်။ ရွှံ့ကို ဘယ်နိုင်ငံကနေ ဝယ်ယူသလဲလို့မေးတော့ တရုတ်နိုင်ငံကနေ ကွန်တိန်နာနဲ့ ဝယ်ယူတင်သွင်းတယ်လို့ပြောတယ်။ နိုင်ငံခြားကနေဝယ်တော့ နိုင်ငံခြားငွေ ကုန်ကျတယ်။ တကယ်တမ်းမှာ အဲဒီကုန်ကြမ်းက မြန်မာနိုင်ငံထဲမှာ ရှိနေတယ်ဆိုတာ သူမသိဘူး။ ဒါကြောင့် ထုတ်ကုန်ပစ္စည်း ထုတ်လုပ်တဲ့ အခါ မိမိထုတ်လုပ်မယ့် ကုန်ပစ္စည်းအတွက် ကုန်ကြမ်းတွေက နိုင်ငံအတွင်းမှာ ရနိုင်၊ မရနိုင် အဦးဆုံးသိအောင် လုပ်ဖို့လိုအပ်ပါတယ်။

နောက်တစ်ချက်က လုပ်ငန်းတွေလုပ်ရာမှာ ဇွဲ၊ လုံ့လ၊ ဝီရိယရှိဖို့ လိုအပ်တယ်။ ဘယ်လိုလုပ်ငန်းတွေပဲလုပ်လုပ် အခက်အခဲတွေ အနည်းနဲ့အများ တွေ့ကြရမှာဖြစ်တယ်။ ဒါကို စိတ်ဓာတ်မကျဘဲ ဇွဲ၊ လုံ့လ ဝီရိယနှင့် အားကြိုးမာန်တက်ဆောင်ရွက်တတ်ကြဖို့ အရေးကြီးတယ်။ မိမိကိုယ်မိမိ စိတ်ဓာတ်မြှင့်တင်ပေးမှု Self-Motivation လိုအပ်တယ်။

နောက်ဆုံးတစ်ချက်က **မိမိတို့ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေကို ဝယ်ယူအသုံးပြုသူတွေအတွက် ရေရှည်အကျိုးရှိအောင် တန်ဖိုးပေါင်းထည့်ပေးမှုတွေ လုပ်ပေးရမယ်။ ဒါမှ မိမိထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းတွေက တန်ဖိုးပေါင်းထည့် ထုတ်ကုန်** (Value-added product) **တွေ ဖြစ်လာမယ်။** GSM **ဖုန်းတွေမှာ နိုင်ငံတကာနှင့် ဆက်သွယ်ပြောဆိုနိုင်ရုံမျှမကဘဲ အီးမေးလ်ပို့နိုင်တာ၊ ဓာတ်ပုံတွေ ရိုက်နိုင်တာ၊ အသံတွေ သွင်းယူနိုင်တာစတဲ့ အသုံးပြုနိုင်မှုအစုံ ထည့်သွင်းပေးနိုင်တာမျိုး ဖြစ်ပါတယ်။**

စာရေးသူတို့ နိုင်ငံသားတွေက အသိဉာဏ်ရည် မြင့်မားသူတွေ ဖြစ်ပါတယ်။ တစ်ထွာပြရင် တစ်လံမြင်တတ်သူတွေဖြစ်တယ်။ အသိဉာဏ်ပညာတိုးတက်မှုသာရပါစေ လုပ်ငန်းစွမ်းဆောင်ရည်မနိမ့်သူတွေ ဖြစ်တယ်ဆိုတာ နိုင်ငံတကာကသော်မှ မငြင်းနိုင်တဲ့အချက်ဖြစ်တယ်။

OVOP မှသည် OVMP သို့

နိုင်ငံတိုးတက်မှုတွေကို အကောင်အထည်ဖော်ကြရာမှာ နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်မှုကို တစ်သဝေမတိမ်းလိုက်နာပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့လုပ်ဆောင်ကြမယ်ဆိုရင် မကြာမတင်ကာလအတွင်းမှာပဲ OVOP **လို့ခေါ်တဲ့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး** (One Village One Product) **သာမကဘဲ** OVMP **လို့ခေါ်တဲ့ ကျေးရွာတစ်ရွာ ထုတ်ကုန်များစွာ** (One Village Many Products) **အဆင့်အထိ ပေါ်ပေါက်လာမှာ ဖြစ်တယ်လို့ မျှော်မှန်းလုပ်ဆောင်နိုင်ကြတာဖြစ်တယ်။**

၂၁ ရာစုမှာ လူတိုင်းမှာ ထားရှိရမယ့်စိတ်ဓာတ်က အများအကျိုးရှိအောင် လုပ်ဆောင်ကြမယ့်စိတ်ဓာတ်ပဲဖြစ်တယ်။ ဒီစိတ်ဓာတ်မွေးပြီး တက်ညီလက်ညီနဲ့သာဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်နိုင်ကြမယ်ဆိုရင် နိုင်ငံတော်အနေနဲ့ အချိန်တိုအတွင်းမှာ ဘက်ပေါင်းစုံ တိုးတက်လာမှာ ဖြစ်တယ်လို့ ရေးသားတင်ပြလိုက်ပါတယ်။ ။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး အစီအစဉ်တွေနဲ့ နိုင်ငံရဲ့ကုန်ထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုအားပြည့် ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ကြတာနဲ့အမျှ ကျေးလက်ဒေသတွေမှာ ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရေး၊ နိုင်ငံ့စီးပွား တိုးတက်စေရေးတို့အတွက် များစွာအကျိုး သက်ရောက်အထောက်အကူပြုနိုင်မှာဖြစ်တယ်လို့ ဆိုချင်ပါတယ်။

(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် စစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၅

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ်ဗိုလ်ချုပ်လှရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက်ယနေ့နံနက် ၆နာရီခွဲတွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပမည့် နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရောက်ရှိ လာကြသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်သည့်အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ စစ်ရေးပြအမိန့်စဉ်အတိုင်း စစ်ရေးပြ လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တပ်မတော်နေ့ စစ်ကြောင်းကြီးများ စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပြည်မြို့ မဟာစည်မြဝတီသာသနာ့ရိပ်သာ ရဟန်းခံ၊ ရှင်ပြုပွဲ

ရန်ကုန် မတ် ၁၅

ပဲခူးတိုင်း ပြည်မြို့ စက်မှုဇုန်အနောက်ဘက် ရတနာထီးဖြူဘုရားအနီး မဟာစည်မြဝတီသာသနာ့ရိပ်သာ ပထမအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနှင့်ဝိပဿနာတရားအားထုတ်ပွဲ အလှူတော် မင်္ဂလာအခမ်းအနားကို မတ် ၃၁ ရက်နှင့် ဧပြီ ၁ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ကိုးရက် ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲကို ဧပြီ ၈ရက်မှ ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်း ၁ရက်နေ့)ထိ ကျင်းပသွားမည်ဖြစ်ရာ ရဟန်း၊ သာမဏေ၊ သီလရှင် ဝတ်လိုသူများ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ညနေ ဖျော်ရည်ဆွမ်း အလှူရှင်များနှင့် တရားစခန်းဝင်လိုသော ယောဂီအပေါင်းတို့သည် သဃ်န်းကျွန်းမြို့နယ် မြဝတီရိပ်သာ ဖုန်း-၅၇၂၆၆၄ သို့ ဆက်သွယ် စာရင်းပေးလှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်ဟု သိရသည်။ (၅၀၆)

လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ MO ASIA Co., Ltd. (DUMEX) မှ တန်ဖိုးငွေ ကျပ်ဆယ်သိန်းဖိုးရှိ ကလေးနို့မှုန့်များကို ငါးကြိမ်မြောက်အဖြစ် မတ် ၁၅ ရက်က ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်လမ်းရှိ ကလေးပြုစုရေးဌာနခန်းမဆောင်တွင် မန်နေဂျာ ဒေါက်တာဖြူတီကြည်က ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိန်ဝင်း လက်ခံယူစဉ်။ (လူမှုဝန်ထမ်း)

The LIVE NEWS ဂျာနယ် အမှတ်(၂၈) ဖြန့်ချိ

ရန်ကုန် မတ် ၁၅

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေ ဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၂၈)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ကိုရီးယားနိုင်ငံတွင် မြန်မာလုပ်သားများအလုပ်လုပ်ကိုင်ခွင့်ရရှိမည်၊ အင်္ဂါနှစ်ခုပိုင်ဆိုင်သည့် ကလေးငယ် မောင်/မ တပ်ရန် အခက်အခဲဖြစ်နေ၊ ဒစ်ဂျစ်တယ်ကင်မရာ မော်ဒယ်သစ်များ ဈေးကွက်ထိုးဖောက်လာလျက်ရှိ၊ မဲခေါင်ဒေသအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဒေသတွင်းနိုင်ငံများ ပူးပေါင်းမြှင့်တင်မည်။ အကယ်ဒမီည ရင်ခုန်သံများ၊ တာချီလိတ်မှ မိုင်းဖြတ်-ကျိုင်းတုံသို့၊ ပသိမ်မေတ္တာနှင့် တောင်စခန်းသာ၊ မောင်သိန်းဆိုင်နှင့် က-ခ ပြဿနာ၊ Two Passengers on Board ၊ အင်ဒိုနီးရှားအတွက် ကံကြမ္မာက မျက်နှာသာမပေးရှာ့သလား၊ ဝက်နဲ့ နွားကိုသာ လက်ဖွဲ့ပစ္စည်းအဖြစ်လက်ခံမယ်ဆိုတဲ့ လစ်ဇ်ဟာလေရဲ့ မင်္ဂလာဆောင်၊ ကျီးလန့်စာစားဖြစ်နေတဲ့ အာဖဂန်နစ္စတန်နိုင်ငံရဲ့ ပကတိသရုပ်မှန်၊ သွားလေရာခဲမိုးရွာနေသည့် အမေရိကန်သမ္မတဘုရှ်၊ ၅၀ပြည့် အိုစမာ အီရန်မှာ ရောက်နေသလော၊ နေတိုး-တာလီဘန်နှင့် အာချီလီစစ်ဆင်ရေး၊ တက္ကစီမင်းနှင့် သေရွာပြန်မောင်ရစ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိုစ္စ ဆောင်ရွက်လိုသူများသည်အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း လားရှိုးတွင် လမ်းတံတားလုပ်ငန်းများကြည့်ရှု နမ့်ပေါင်တံတားတည်ဆောက်မှုနှင့် နမ္မတံတားကြံ့ခိုင်မှုတို့ကိုစစ်ဆေး

ရန်ကုန် မတ် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့်အတူ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၂ရက် နံနက် ၉နာရီတွင် လားရှိုးမြို့မှ လားရှိုး-မယ်ဟန်-မိုင်းရယ်-ကျေးသီးမော်တော်ကားလမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါလမ်း နမ့်ပေါင်ကျေးရွာအနီး မိုင်တိုင် ၁၇မိုင် ၅ဖာလုံ၌ နမ့်ပေါင်ချောင်းကိုဖြတ်၍ လားရှိုးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသော နမ့်ပေါင်တံတားလုပ်ငန်းခွင်ရုံး တံတားစီမံကိန်း ရှင်းလင်းဆောင်၌ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လားရှိုးခရိုင် အင်ဂျင်နီယာမှူး ဦးသိန်းဆိုင်က ရှင်းလင်းတင်ပြ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးလှထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက တံတား၏ ရေလယ်တိုင် ရေတွင်းခွေ အုတ်မြစ်လုပ်ငန်းများ စတင်ဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် တာဝန်ခံအင်ဂျင်နီယာများ ကိုယ်တိုင် အမြဲတမ်းအနီးကပ် ကြီးကြပ်လုပ်ကိုင်ကြရန်၊ တံတားအသစ်မပြီးမီ လက်ရှိဘေလီတံတား ကြံ့ခိုင်မှုကို စောင့်ကြည့်ပြုပြင် ထိန်းသိမ်းထားရန်တို့ကိုမှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း သွားရောက်စစ်ဆေးပြီး မိုင်တိုင် ၂၃ မိုင် ၂ဖာလုံတွင် ပေ ၁၂၀ ရှည် နှစ်လွှာတစ်ထပ် ဘေလီ နမ္မတံတား၏ ကြံ့ခိုင်မှုနှင့် ရေစီးရေလာအခြေအနေ၊ တံတားကမ်းကပ်ခုံအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ခံအင်ဂျင်နီယာများအား မှာကြားသည်။

(သတင်းစဉ်)

မတ် ၁၁ရက်က အလုံမြို့နယ် အမက(၃)မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးခင်က စတုတ္ထတန်းမှ မဖေရယ်ဝတ်ရည်အား မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။

(ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၃-၂၀၀၇ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဓမ္မဒေသလေးပါးတရားတော် (သီတဂူဆရာတော် အရှင်ဉာဏိဿရ)(အပိုင်း-၁)
၈း၀၅	ကြည်ညိုဖူးမြော် ရှင်ပင်စက္ကိန်းတဲစေတီတော်
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	Myanmar Video Rhythm
၉း၁၀	မွှေးရနံ့သင်းကြိုင်နံ့သာတိုင်
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
၉း၅၀	မိုးလေဝသခန့်မှန်းချက်
၉း၅၅	စိတ်ထားဖြူစင်ပါရမီရှင်
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ (နွေရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း) (ပါမောက္ခဒေါက်တာဦးကိုကိုလှနှင့် တွေ့ဆုံခြင်း)
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	ရွှေစက်တော်ဘေးမဲ့တော
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	၂၀၀၇ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲ
၁၁း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀	သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး (လူမိုက်နှင့်ကင်းချမ်းသာခြင်း)
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀	Activities in The City
၁၂း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅	အဆင့်မီရော်ဘာဖူးဆက်ပျိုးပင်ရရှိရေး
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀	နာတာရှည်ကျောက်ကပ်အလုပ်မလုပ်(သို့)အားနည်းရောဂါအကြောင်း (ဒေါက်တာခင်မောင်ဌေး)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✻ စစ်ကိုင်းမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးခြံ(၁)၌ ခြံစည်းရိုးကြက်ဆူအစေ့ပျိုးပင် ၂၅၀၀၀ နှင့် ကိုင်းပျိုးပင် ၅၀၀၀ ပျိုးထောင်ထားရှိမှုများကို လည်းကောင်း၊ ကြက်မွေးမြူရေးခြံ၌ နီဂိုဂရောင်းအမျိုးအစား မွေးမြူရေးကြက်ကောင်ရေ ၄၈၀ကျော် မွေးမြူထားရှိမှုနှင့် ကြက်ဥရရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းရှိ ခြံစည်းရိုးကြက်ဆူပျိုးခြံ(၂)၌ ကျင်းပသည့် စုပေါင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲကို တက်ရောက်အားပေးကြပြီး ခြံစည်းရိုးကြက်ဆူ အကိုင်းပျိုးပင်များကို စိုက်ပျိုးပေးကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူးတို့သည် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်စိုက်ပျိုး ကြသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိသားစုများ၏ နေအိမ် များ၌ ခြံစည်းရိုးကြက်ဆူပင်များကို တစ်ပိုင်တစ်နိုင် တိုးချဲ့စိုက်ပျိုးသွား ရန်နှင့် ကြက်ဆူမျိုးစေ့များ ဒေသအတွင်း ဖြန့်ဖြူးဖြည့်ဆည်းနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် ကသာမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာသီတာရီနှင့် အထူးကုဆရာဝန်များ၊ ဆရာဝန် များနှင့် သူနာပြုများ၊ ဆေးရုံတွင် လက်တွေ့လေ့လာဆည်းပူးနေသော ဆေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြ သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံရှိ ခွဲစိတ်ခန်း အမှတ်(၁)နှင့် (၂)၊ ခွဲစိတ်လူနာကုသဆောင်၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ ပြင်ပလူနာဆောင်ရှိ သွားဘက်ဆိုင်ရာ ကုသခန်းနှင့် သွားဘက် ဆိုင်ရာ ကုသရေးကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် နံနက် ၁၀ နာရီတွင် ကသာမြို့ လမ်းမတော်လမ်းရှိ ဧရာရွှေလီ အားကစားခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားသည်။

ရှေးဦးစွာ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝေက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌ များနှင့် တာဝန်ရှိသူများက မြို့နယ်များအလိုက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်းအတွင်း ရော်ဘာစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ မြို့နယ်များနှင့် ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖများက ဒေသဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ် သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့မှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အထိ ဆက်သွယ် ဖောက်လုပ်ထားသော ခရိုင်ချင်းဆက်လမ်း အမှတ်(၃)အား လာရောက် ကြည့်ရှုစစ်ဆေးရင်း လမ်းတစ်လျှောက်ရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်း ဖြစ်ကြောင်း၊ **ခရိုင်ချင်းဆက်လမ်း တစ်ကြောင်းထိုးပေါက်သွားသဖြင့် ယခင် က လှေနှင့် လှည်းသာ အသုံးပြုသွားလာရသော ဒေသများတွင် မော်တော် ယာဉ်၊ ထော်လာဂျီများဖြင့် ကုန်စည်ပို့ဆောင်နေသည်ကို တွေ့ရကြောင်း၊ တစ်ခေါက်နှင့်တစ်ခေါက် ဒေသဖွံ့ဖြိုးမှု ပိုမိုတိုးတက်လာကြောင်း၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ဌာနဆိုင်ရာများသည် ကျေးလက်ဒေသများ ဖွံ့ဖြိုး တိုးတက်မှုအခြေအနေကို ပို၍ပို၍ တိုးတက်အောင် ဆက်လက်ဆောင်ရွက် သွားနိုင်ရေး စီမံလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ထိရောက်အောင်မြင်ရေး၊ ဇီဝလောင်စာဆီဖြင့် လယ်ယာသုံးစက်ကိရိယာများ၊ ကျေးလက်ဒေသ မီးလင်းရေးအစီအမံများ ဖြည့်ဆည်း ဆောင်ရွက်သွားနိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူကို ကျယ်ကျယ် ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးကြရေး ဒေသခံပြည်သူများအား စည်းရုံးဆောင်ရွက် သွားကြရန် လိုကြောင်း**ဖြင့် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အခမ်းအနား တက်ရောက်လာကြသူများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကသာဘူတာသို့ ရောက်ရှိပြီး ဘူတာရုံ သန့်ရှင်းရေးနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ ဆက်လက်၍ ကသာဘူတာမှ သံလမ်းပြေး ကားရထားဖြင့် ကသာ–နဘား မီးရထားလမ်းအတိုင်း ထွက်ခွာကြရာ မိုင်တိုင်(၆)ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာ့မီးရထားမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးမြတ်လင်းက ကသာမှ ဗန်းမော်သို့ မြေအနေအထား အခြေအနေ ရထားလမ်းဖောက်လုပ်ပါက ဆောင်ရွက်သင့်သည့်လမ်းအူကြောင်း အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာ–နဘား မီးရထားလမ်းအတိုင်း သံလမ်းပြေးကားရထားဖြင့် ဆက်လက် ထွက်ခွာကြရာ နံနက် ၁၁ နာရီ ၃၅မိနစ်တွင် ကသာ–အင်းတော် ကားလမ်း ပေါ်ရှိ လမ်းခွကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာ–အင်းတော် ကားလမ်းအတိုင်း ကသာမြို့ဘက်သို့ ထွက်ခွာကြရာ မိုင်တိုင်အမှတ်(၄/၄)ရှိ စစ်ကိုင်းတိုင်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေး အထူးဇုန်အမှတ်(၅)သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ကသာခရိုင် ဥက္ကဋ္ဌ ဦးလှဝေက ခရိုင်အနေဖြင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်း တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ပေးထားသည့် ဧကထက် ကျော်လွန်အောင် စိုက်ပျိုးရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ငါးဧက ရော်ဘာစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ကသာမြို့ ရပ်ကွက်(၈)၌ ကျင်းပသည့် ခြံစည်းရိုး ကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူစေ့နှင့် အကိုင်းများကို ပျိုးထောင်ပေးပြီး တိုင်းမှူးက အစေ့နှင့် အကိုင်းများကို ပျိုးထောင်ပေးသည်။ ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ခြံစည်းရိုးကြက်ဆူ အကိုင်းများကို ပျိုးထောင်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပျိုးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တက်ရောက် ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ကသာမြို့၌ ညအိပ်ရပ်နားကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မတ် ၁၃ ရက် နံနက် ၆ နာရီခွဲတွင် ကသာမြို့ နယ်မြေခံတပ်ရင်း ဧည့်ရိပ်သာ၌ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင် များနှင့် တွေ့ဆုံ၍ စစ်ကိုင်းတိုင်းခရီးစဉ်တွင် တိုင်းအတွင်း ဆက်လက် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြန်လည်ညှိနှိုင်းဆွေးနွေး သည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်းခရီးစဉ်အတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၃)၏ ရွှေဘိုခရိုင်အပိုင်းနှင့် ကသာခရိုင်အပိုင်း တို့တွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် စီစဉ်ထားရှိမှု အခြေအနေ၊ တိုင်းအတွင်းဆည်ငယ်များ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအစဉ် များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ် များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက် ပေးပြီး မိမိတို့ ကဏ္ဍအလိုက် ဆောင်ရွက်ရန်ရှိသည်များကို ဖိဖိစီးစီးဆောင်ရွက် သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❀ ကာကွယ်ရေးဝန်ကြီးဌာနမှ

နွေစပါး ၃ ဒသမ ၀၁ ဧက၌ ကျင်းပ သည့် နွေစပါး စုပေါင်း မြေဩဇာ ကြဲပက်ပွဲနှင့် ပေါင်းလိုက် တမန်းနှိုးပွဲ အခမ်းအနားသို့ တက်ရောက်အား ပေးသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအောင်ခင်က ၂၀၀၆–၂၀၀၇ ခုနှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ နွေစပါး စိုက်ပျိုးမှု၊ မိုးစပါးစိုက်ပျိုးနိုင်ခဲ့မှု၊ ဒေသတွင်း ကြက်သွန်နီ၊ ကြက်သွန် ဖြူ ဖူလုံမှုနှင့် လက်ဖက်စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြ ရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ သည့် နိုင်ငံဖြစ်သဖြင့် ဝန်ထမ်းများ သည် စိုက်ပျိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ပါဝင် ဆောင်ရွက်ရုံသာ မက ဝန်ထမ်းများပါ လုပ်ချင်လာ အောင် စည်းရုံးဆောင်ရွက်ကြရန် လိုကြောင်း၊ ဤဒေသသည် ရေခံ မြေခံကောင်းဖြင့် မြေယာပေါများ သည့် ဒေသဖြစ်၍ သီးနှံများတိုးချဲ့ စိုက်ပျိုးရန် စည်းရုံးဆောင်ရွက်စေ လိုကြောင်း၊ မိမိဒေသ ဖူလုံနေမှုနှင့် မကျေနပ်ဘဲ ပိုမိုထွက်ရှိသည်ထက် ထွက်ရှိအောင် ကြိုးစားစိုက်ပျိုးခြင်း ဖြင့် မိသားစုဝင်ငွေတိုးပြီး ဒေသ လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် ကြောင်း၊ နှစ်ရှည်သီးနှံ ရော်ဘာကို လည်း စိုက်ပျိုးကြရန် အကြံပြုလို ကြောင်း၊ လက်ဖက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် “စားလို့ရတာ အကုန်စိုက်” ဆောင်ပုဒ်နှင့်အညီ အခြားသီးနှံများကို စိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိမည်ဖြစ်ကြောင်းဖြင့် ပြော ကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် တောင်သူ ဦးဆိဝန်း၏ နွေစပါး စိုက်ကွက်အတွင်း မြေဩဇာကြဲပက် နေမှုနှင့် ပေါင်းလိုက်တမန်းနှိုးနေမှု များကိုလှည့်လည် ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ခြံစည်းရိုးကြက်ဆူဆီဖြင့် စပါးလှေ့ စက်၊ စပါးခြွေစက်နှင့် ထွန်စက်များ သရုပ်ပြ မောင်းနှင်နေမှု၊ ခင်းကျင်း ပြသထားသော စပါးမျိုးများ၊ နွားချေး၊ စက်ဖွဲပြာ၊ ကျောက်မှုန့် နှင့် ယူရီးယားဓာတ်မြေဩဇာများ၊ စပါးရိတ်သိမ်း ခြွေလှေ့စက်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်က စပါးအပြင် ရော်ဘာနှင့် အခြားသီးနှံများ စိုက်ပျိုး ရန်နှင့် သတ်မှတ်အထွက်နှုန်း ရရှိ ပါက ဆုချီးမြှင့်မည်ဖြစ်ကြောင်း ပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို ထပ်မံမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျိုင်းတုံမြို့ မိုင်းလန်းကျေးရွာ အုပ်စု မြေယာများ၌ မြန်မာရွှေဖြူ ရော်ဘာခြံလီမိတက်က စိုက်ပျိုးထား သော ရော်ဘာစိုက်ခင်းရှင်းလင်း ဆောင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း ခရိုင်မန်နေဂျာ ဦးထွန်းလင်း၊ လုပ်ငန်းရှင် ဦးသန်းထွန်း၊ ဒေါ်အေး အေးဝင်းတို့က မြန်မာရွှေဖြူ ရော်ဘာခြံ လုပ်ငန်းဆောင်ရွက်မှု၊ ၂၀၀၆–၂၀၀၇ခုနှစ် ရော်ဘာစိုက်ပျိုး ပြီးစီးမှုနှင့် ရော်ဘာစိုက်ပျိုးဧက အဆင့်အတန်းခွဲခြားထားမှု အခြေ အနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက အထွက် နှုန်းတိုးရေးအတွက် နည်းပညာများ၊ ခေတ်မီနည်းစနစ်များ လေ့လာပြီး တစ်ဧက အထွက်နှုန်း တိုးတက်ရေး အတွက် ကြိုးစားဆောင်ရွက်စေလို ကြောင်း၊ နည်းပညာများနှင့် ကျွမ်းကျင်သောလုပ်သားများ ခေါ်ယူ ဆောင်ရွက်ပါက ရော်ဘာအထွက် နှုန်းကောင်းပြီး ဝင်ငွေလည်း ပိုမို ရရှိလာမည်ဖြစ်ကြောင်းဖြင့် ပြော ကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးဗိုလ်ချုပ်မင်းအောင် လှိုင်နှင့် အဖွဲ့သည် မော်တော်ယာဉ် များဖြင့် ကျိုင်းတုံ– မိုင်းဆတ်လမ်း အတိုင်းဆက်လက်ထွက်ခွာ၍ လမ်းဘေး ဝဲယာ၌ စိုက်ပျိုးထားသော နွေစပါး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေး ကြသည်။

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူးတို့သည် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား နယ်မြေခံ တပ်နယ် ရွှေတြိဂံရိပ်သာ၌ တွေ့ဆုံ သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အတွင်းရေးမှူး ဦးစိုင်းလုံး ဆိုင်က အသင်း၏လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကျိုင်းတုံ– မိုင်းဖြတ်–တာချီလိတ် လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ မိုင်းဖြတ် မြို့ နယ်မြေခံတပ်သို့ ရောက်ရှိကြ ပြီး ဧည့်ခန်းမ၌ မိုင်းဖြတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်နှင့် မြို့နယ် အတွင်းရေးမှူးများအား တွေ့ဆုံရာ မိုင်းဖြတ်ခရိုင် အသင်းအလုပ်အမှု ဆောင် ဦးခင်ထွန်းက အသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကျိုင်းတုံ– မိုင်းဖြတ်–တာချီလိတ် လမ်းအတိုင်း ဆက်လက်ထွက်ခွာလာပြီး လမ်းဘေး ဝဲယာ၌ စိုက်ပျိုးထားသော နွေစပါး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ တာချီလိတ်မြို့သို့ရောက်ရှိကြသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဖလောင်းပြင်ကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်း သတ္တဌာန ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးအတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်နေ ဦးလှဘန်း–ဒေါ်ဦးခင်မိသားစု တို့က စေတီရင်ပြင်ကျောက်ပြားခင်းရန် အလှူငွေကျပ်သုံးသိန်းကို စမ်းချောင်း မြို့နယ် ဗားဂရာတိုက် တိုက်အုပ်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ ဝိမလထံ ဆက်ကပ် လှူဒါန်းစဉ်။ (က–ပ)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် မော်တော်ယာဉ်အချို့တွင် ယာဉ်နံပါတ်ပြား များမှာ တစောင်းဖြစ်နေခြင်း၊ ခြေနင်းဖြင့်ကွယ်ခြင်း၊ ဆေးရောင်ပျက်ပြယ်ပြီး မှိန်နေခြင်း၊ တွန့်လိမ်နေခြင်း၊ အစင်းကြောင်းများထင်နေခြင်း စသည့် အခြေအနေများ တွေ့ရှိနေရပြီး ဓာတ်ပုံမှတ်တမ်းတင်ပါကလည်း ပေါ်လွင်မှုမရှိခြင်းနှင့် ယာဉ်မတော်တဆမှုဖြစ်ပွား၍ ထွက်ပြေး ပါက မှတ်သားရန်ခက်ခဲခြင်းတို့ တွေ့ရှိနေရသဖြင့် ချို့ယွင်းလျက်ရှိသည့် မော်တော်ယာဉ် နံပါတ်ပြားများအား ယာဉ်ပိုင်ရှင်များက အမြန်ဆုံးပြုပြင်ကြရန်နှင့် စစ်ဆေးတွေ့ရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

☆ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းမှ

လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ၊ သစ်ရောင်း ချောင်းကူးတံတား တည်ဆောက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြား၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ သစ်ရောင်းချောင်းကူးတံတားမှာ အကျယ်ပေ ၄၅၀ရှိကာ သစ်ရောင်းချောင်းကို ဖြတ်သန်း၍ တည်ဆောက်မည်ဖြစ်ပြီး တံတားတည်ဆောက်ပြီးစီးပါက ငွေဆောင်−ဂရုတ်ကောင်း ကားလမ်းမှာ ချောင်းခြားမှုကြောင့် ပြတ်တောက်ခြင်းမရှိတော့ဘဲ တောက်လျှောက်ခရီးပေါက်သွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကားလမ်းတစ်လျှောက် သစ်ရောင်း၊ မိုးတိမ်ပြင်နှင့် ရေကျော်ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ တံတားများနှင့် လမ်းပိုင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ ဂရုတ်ကောင်းမြို့သို့ ရောက်ရှိကြသည်။ ငွေဆောင်−ဂရုတ်ကောင်းကားလမ်းမှာ အရှည် ၃၂မိုင်ဖြစ်ပြီး မြေသားလမ်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဂရုတ်ကောင်းမြို့မှ ရေယာဉ်ဖြင့်ထွက်ခွာလာကြရာ ကိုရန်ကြီးကျွန်းရှိ ချိုင့်လေးကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကိုရန်ကြီးကျွန်းရှိ နံ့သာပုကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ စီးပွားရေး၊ ပညာရေး၊ လူမှုရေးနှင့်လမ်းပန်းဆက်သွယ်ရေးတို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ညွှန်ကြားစီစဉ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အခြေခံပညာ မူလတန်းလွန်ကျောင်း မွမ်းမံပြင်ဆင်နိုင်ရန် ထောက်ပံ့ငွေများကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကိုရန်ကြီးကျွန်းမှ ရေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြပြီး ဂရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင်ဂရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက ဂရုတ်ကောင်းမြို့၏ စိုက်ပျိုးရေး၊လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်းစီမံပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်က ဂရုတ်ကောင်းမြို့ကို ကျေးရွာအဆင့်မှ မြို့အဆင့်အဖြစ် တိုးမြှင့်သတ်မှတ်ပေးပြီး လမ်းပန်းဆက်သွယ်ရေးအပါအဝင် စီးပွားရေးနှင့် လူမှုရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း နိုင်ငံတော်က ချမှတ်ပေးသည့် ဒေသဆိုင်ရာ စီမံကိန်းလျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်ကြမှသာ ဒေသတွင်းနှင့် နိုင်ငံတော်အတွက်ပါ တိုးတက်မှုများ ရရှိလာမည်ဖြစ်ကြောင်း။

အဓိကသီးနှံ၁၀မျိုးအပြင် ဒေသအတွင်းဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ဂရုတ်ကောင်းကို ထူးထူးခြားခြား တိုးတက်အောင်စိုက်ပျိုးရန်လိုအပ်ကြောင်း၊ အိမ်ခြံဝင်းသစ်ပင်ကြီးများတွင် လည်းကောင်း၊ သစ်တောများအတွင်း၌ လည်းကောင်း တိုးချဲ့စိုက်နိုင်သမျှ စိုက်ပျိုးကြရန်ဖြစ်ပြီး ဌာနဆိုင်ရာများ အနေဖြင့်လည်း လိုအပ်သည့် အကူအညီများကို ပံ့ပိုးပေးရန်လိုအပ်ကြောင်း၊ ထို့အပြင် ပြည်တွင်းပြည်ပတွင် ဈေးကောင်းရရှိ၍ ဝင်ငွေတိုးပြီး ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းရနိုင်မည့် ရော်ဘာကိုလည်း လျာထားချက်နှင့်အညီ စိုက်ပျိုးရမည်ဖြစ်ကြောင်း။

အလားတူပင် လောင်စာဆီ အစားထိုး ဇီဝဒီဇယ်ထုတ်လုပ်နိုင်သည့် အထူးသီးနှံဖြစ်သော ခြစည်းရိုးကြက်ဆူပင်ကိုလည်း တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မ စိုက်ပျိုးရန် လိုအပ်ကြောင်း၊ မွေးမြူရေးတွင်လည်း ဒေသကြက်မွေးမြူရေးကို အလေးအနက်ထား မွေးမြူရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဓိကဆောင်ရွက်ရမည့်ဌာနဆိုင်ရာတာဝန်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ အောက်ခြေအထိ ကွင်းဆင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဂရုတ်ကောင်းမြို့ကို မြို့အင်္ဂါရပ်နှင့်ညီညွတ်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဂရုတ်ကောင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဂရုတ်ကောင်းမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး လူနာဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား ထောက်ပံ့ငွေများကိုပေးအပ်၍ ဆေးရုံနှင့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှု ရှိစေရေးနှင့် ဆေးနှင့်ဆေးပစ္စည်းများ လုံလောက်စွာထားရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆေးရုံရှိ ခွဲစိတ်ခန်း မွမ်းမံပြင်ဆင်နိုင်ရန် ထောက်ပံ့ငွေ များကို တာဝန်ခံဆရာဝန်ထံ ပေးအပ်သည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဂရုတ်ကောင်းမြို့ ရဲစခန်းသို့ရောက်ရှိပြီး တပ်ဖွဲ့ဝင် မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဆက်လက်၍ ရဲစခန်းကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မိသားစုများ သက်သာချောင်ချိရေးဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဂရုတ်ကောင်းမြို့၌ ညအိပ် ရပ်နားကြသည်။ (သတင်းစဉ်)

❐ NLD မှ

လှိုင်သာယာမြို့နယ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် လက်ရှိအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီ၏ နိုင်ငံရေး ဆောင်ရွက်နေမှုများသည် ပြည်ပနိုင်ငံကြီးနှစ်နိုင်ငံကို အထူးအားကိုးအားထားပြုပြီး နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးကို အန္တရာယ်အတွင်းကျအောင် ကြံစည်လုပ်ဆောင်နေသည်ကို တွေ့မြင်လာရကြောင်း၊ ပါတီကိုအကြောင်းပြု၍ နိုင်ငံတကာမှ ဆုကြေးများရယူကာ စီးပွားရှာနေသည့် ကိုယ်ကျိုးရှာနေသူများက ပါတီအတွင်း၌နေရာရရှိရေး ကြိုးစားနေသည်ကိုတွေ့မြင်ရပြီး ပါတီခေါင်းဆောင်ပိုင်းကလည်း အဆိုပါ အချောင်သမားများကို ရှေ့တန်းတင်နေရာပေးကာ မိမိတို့၏စီးပွားရေးကို အပျက်ခံ၍အခြေခံကျကျ လှုပ်ရှားနေရသူများကိုမူ ပစ်ပယ်ထားသည်ကိုတွေ့မြင်ရကြောင်း၊ သို့အတွက် ပါတီခေါင်းဆောင်များအပေါ် အယုံအကြည် မရှိတော့ကြောင်း။

NLD ပါတီအနေဖြင့် နိုင်ငံတော်ကဆောင်ရွက်နေသည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းအားပေးကူညီမှုမပြုဘဲ ဆီကဲ့သို့ အပေါက်ရှာ၍ ဝေဖန်ပြစ်တင်နေသည့်အပြင် ပါတီအကျိုး၊ ပြည်သူလူထုအကျိုးကို မည်မည်ရရ ပါဝင်ဆောင်ရွက်ခြင်းမရှိသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရကြောင်း၊ သို့အတွက် ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD)ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီ၏လုပ်ငန်းတာဝန်များမှလည်းကောင်း နုတ်ထွက်ပါကြောင်းဖြင့်ဖော်ပြထားသည်။

(သတင်းစဉ်)

❍ တနင်္သာရီတိုင်းမှ

တည်နေရာ၊ အကျယ်အဝန်းနှင့်ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လည်းကောင်း၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးစိုးတင့်က ၂၀၀၇−၂၀၀၈ ခုနှစ် မိုးစပါးတိုးချဲ့စိုက်ပျိုးရန် နည်းလမ်းငါးသွယ်ဖြင့် မြေယာဖော်ထုတ်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးကျော်လှနှင့် တာဝန်ရှိသူများက ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများနှင့်စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ သီးနှံအထွက်နှုန်း ကောင်းမွန်ရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ညွှန်ကြားဆောင်ရွက်ပေး၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းအတွင်း စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍများတွင် တိုးတက်မှုများရှိသည်ကို တွေ့ရှိရကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ပျိုးရေး အစီအစဉ်များကို ပြည်သူများ သိရှိအောင် စီမံဆောင်ရွက်ပြီး တက်တက်ကြွကြွ ပါဝင်စိုက်ပျိုးရန်လိုကြောင်း၊ ဒေသတွင်း စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို နေရာအနှံ့ဆောင်ရွက်လျက်ရှိရာ ထားဝယ်ခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးကိုလည်း တာဝန်ရှိသူများက စီမံဆောင်ရွက်ရန်လိုကြောင်း၊ အခြေခံအဆောက်အအုံ ခိုင်မာရေး၊ ဒေသဖွံ့ဖြိုးရေးတို့တွင် ဌာနဆိုင်ရာများ ဒေသခံပြည်သူများနှင့် တိုင်ပင်ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး လုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြေယာများဖော်ထုတ်ရာတွင် တောင်သူများ အကျိုးစီးပွား ရရှိနိုင်မည်ဖြစ်ရာငင်းတို့သိရှိနားလည်အောင် တာဝန်ရှိသူများက အသိပညာပေး စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပန်းတိုင်အထွက်နှုန်း ရရှိအောင် ဆွေးနွေးတင်ပြရုံ သက်သက်မဟုတ်ဘဲ လက်တွေ့ကျကျအကောင်အထည်ဖော်လုပ်ဆောင်ရန်လိုကြောင်း။

နှစ်ရှည်ပင်များစိုက်ပျိုးရန် မြေယာရယူထားပြီး အကောင်အထည်ဖော်နိုင်ခြင်းမရှိသော မြေယာများကို ပြန်လည်စိစစ်၍ အခက်အခဲရှိမှုများကို ပူးပေါင်းဆောင်ရွက်၍လည်းကောင်း၊ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့်သူများကို ပြောင်းလဲနေရာချထားပေးခြင်းဖြင့်လည်းကောင်း အထွက်နှုန်းတိုးမြှင့်ရေးကို စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် ဒေသတွင်းရှိ ပြည်သူများပါဝင်ဆောင်ရွက်လာအောင် အုပ်ချုပ်ရေးယန္တရားမှ တာဝန်ရှိသူများက အသိပညာပေးစည်းရုံးကြရမည်ဖြစ်ကြောင်း၊ ကဏ္ဍတစ်ခုချင်းစီ အောင်မြင်မှုများဖြင့် ဒေသတစ်ခုလုံးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားအောင်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင် ငြိမ်းချမ်းစွာ ပညာသင်ကြားရေး၊ အဂတိမလိုက်စားရေး၊ ကျွမ်းကျင်သည့် ဘာသာရပ်အလိုက် ပညာသင်ကြားရေးစသည့် ရည်မှန်းချက်ထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင်လည်း လူနာများကို နာငါးနာဖြင့် နွေးထွေးစွာပြောဆိုဆက်ဆံ၍ လုပ်ငန်းများ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ခြောက်သွေ့ရာသီဖြစ်၍ ဒေသတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြိုကြိုတင်တင် ဆောင်ရွက်ရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် စွမ်းအင်ခြိုးခြံချွေတာရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနသည် အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန(ASEAN Centre for Energy-ACE)၊ ဂျပန်နိုင်ငံစွမ်းအင်စီးပွားရေးသိပ္ပံ (Institute of Energy Economic Energy Japan-IEEJ) နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ပူးပေါင်း၍ တတိယအကြိမ်မြောက် အာဆီယံနိုင်ငံများနှင့်ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် စွမ်းအင်ခြိုးခြံချွေတာရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့တက္ကသိုလ်များ (လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနမှ အမှုဆောင် ဒါရိုက်တာ Dr. Weerawat Chantanakome၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Ms. Rabiah Al Adawiyah နှင့် အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် စွမ်းအင်ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့်မြန်မာပြန်ပြည့်မြဲ စွမ်းအင်အသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ၏စွမ်းအင်ဆိုင်ရာအဆင့်မြင့်အရာရှိခေါင်းဆောင်၏ကိုယ်စား စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် အာဆီယံ စွမ်းအင်ဆိုင်ရာဗဟိုဌာနမှ အမှုဆောင်ဒါရိုက်တာ Dr. Weerawat Chantanakome တို့ကအမှာစကားပြောကြားကြသည်။

ဖွင့်ပွဲ အခမ်းအနား အပြီးတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့်စွမ်းအင်ခြိုးခြံချွေတာရေးဆိုင်ရာ စာတမ်းများကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ တက်ရောက်လာကြသော ကိုယ်စားလှယ်များက အသီးသီးဖတ်ကြားတင်သွင်းကြ၍ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ညနေပိုင်းတွင် ပထမနေ့ ဆွေးနွေးပွဲကို ရပ်နားလိုက်သည်။

ယင်းဆွေးနွေးပွဲကို မတ် ၁၆ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲအပြီးတွင် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံက ၂၀၀၆ ခုနှစ် အာဆီယံအစားထိုးစွမ်းအင်ဆုတံဆိပ်ရရှိခဲ့သော လှိုင်သာယာ စက်မှုဇုန်ရှိ မြန်မာတီထွင်သူများသမဝါယမအသင်း(MICS)၏ စပါးခွံလောင်စာသုံး ဇီဝဓာတ်ငွေ့စက် ပြုလုပ်သည့် စက်ရုံသို့သွားရောက်ကြည့်ရှု လေ့လာကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆွေးနွေး

တတိယအကြိမ်မြောက် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် စွမ်းအင်ခြိုးခြံချွေတာရေး ဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲကို ကျင်းပစဉ်။ (သတင်းစဉ်)

ထားဝယ်ခရိုင်တွင် ၂၀၀၆−၂၀၀၇ ခုနှစ်တွင် မိုးစပါး ၂၁၄၃၃၁ ဧက၊ နွေစပါး ၁၃၃၉၂ဧက၊ မြေပဲ ၁၁၇ဧက၊ နှမ်းဧက ၄၉၀၊ ကြံ ၇၇၄ ဧက၊ ရော်ဘာဧကရစ်သောင်းကျော်၊ ဆီအုန်း၂၆၅၅၄ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆−၃−၂၀၀၇(သောကြာနေ့)

၁၃၆၈ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၄)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈း၁၅ ၈။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ English for Everyday Use.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ − ဒုတိယနှစ် (သင်္ချာ(အထူး)) (သင်္ချာ)
- ၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံ
- ၅း၀၀ ၅။ မြန်မာစာ၊မြန်မာစကား
- ၅း၁၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၅း၃၀ ၇။ **"နောက်မကျရအောင်" (မင်းသူ၊ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့်) (ဒါရိုက်တာ−ကြည်စိုး)**
- ၅း၄၅ ၈။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၅ခုနှစ်)
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇း၀၅ ၁၂။ ချင်းပြည်နယ်ရဲ့အလှတစ်ပါး ဗားရိတံတား
- ၇း၁၅ ၁၃။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၇း၃၀ ၁၄။ ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့
- ၇း၄၅ ၁၅။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာနေဦး" (အပိုင်း−၂၂)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေး(၁/ ၂၀၀၇)ကျင်းပ

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေး(၁/၂၀၀၇)ကို မတ် ၈ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တက္ကသိုလ်ကောင်စီ အစည်းအဝေး (၁/၂၀၀၇)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ တက္ကသိုလ်ကောင်စီဝင်များဖြစ်ကြသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးအောင်မြင့်နှင့် ဦးစိုးဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရေးရာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ပါမောက္ခချုပ်နှင့် တက္ကသိုလ်ကောင်စီဝင်များတက်ရောက်ကြသည်။

အစည်းအဝေးတွင်တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးကအမှာစကား ပြောကြားသည်။ဆက်လက်၍တက္ကသိုလ်၏ လေ့ကျင့်သင်ကြားရေးကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်း ဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။ ထို့နောက် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပန်းတစ်ပွင့်တောင်တောရသာသနာ့နယ်မြေ လျှပ်စစ်မီးအတွက် လှူဒါန်းနိုင်

ရန်ကုန် မတ် ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရသာသနာ့နယ်မြေရှိ ပန်းတစ်ပွင့်တောင်တော်၊ ယက္ခတောင်တော်၊ ရသေ့တောင်တော်နှင့် စကြာတောင်တော်တို့၌ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရက ကြီးမှူး ပြုပြင်သည့် ရှေးဟောင်း စေတီတော်များ၊ အသစ်တည်ထားသည့် စေတီတော်များနှင့် သာသနိက အဆောက်အအုံများကို မကြာမီ လျှပ်စစ်မီးများ သွယ်တန်းပူဇော်မည်ဖြစ်သဖြင့် ပေ ၁၀၀ ရှည်အခန်း ၁၀၈ ခန်းတို့အတွက် မီးတိုင် (ကျောက်တိုင်နှင့် ကြေးကြိုးများ၊ အလှူရှင် ကမ္ပည်းထိုးပြီး) ကို တစ်ခန်းလျှင် ငွေကျပ်သုံးသိန်းဖြင့် ပန်းတစ်ပွင့်တောင် ဆရာတော် ဖုန်း–၀၅၅–၂၀၅၃၃၊၀၅၅–၂၀၂၅၉)၊ ဦးမြင့်စိုး ဖုန်း–၆၆၂၃၂၈၊ ဦးစံဦး ဖုန်း–၀၉၅–၀၁၇၈၈၇၊ ဦးကျော်ဝင်း ဖုန်း–၆၂၂၆၂၅၊ ဦးကျော်လွင် ဖုန်း–၆၉၀၃၁၉၊ ဒေါ်တင်တင်ဝင်း ဖုန်း–၆၄၃၅၈၁၊ ဒေါ်ထက်ထက်အေး ဖုန်း–၅၇၉၈၀၅၊ ဒေါ်လိနိလိနိ(သံဈေး) ဖုန်း–၂၁၂၀၆၆(လိုင်းခွဲ–၃၂၅)၊ ဒေါ်ခင်မိုးလွင် ဖုန်း–၅၀၃၉၉၃နှင့် ဝေယျာဝစ္စအဖွဲ့ဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ဧရာဝတီမြစ်ကြမ်းပြင် မြေသားအောက်မှ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဖောက်လုပ် ဆက်သွယ်နေသော ဆိပ်သာမြစ်ဖြတ်ပိုက်လိုင်း တူးဖော်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ဆိပ်သာမြစ်ဖြတ်ပိုက်လိုင်း တူးဖော်ရေးလုပ်ငန်း စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၅

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးသည် မတ် ၁၀ရက် နံနက်ပိုင်းတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ပြည်တောင်တန်း ရေနံမြေသို့သွားရောက်၍ ရေနံမြေ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများအား တွေ့ဆုံကာ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဧရာဝတီမြစ်ကြမ်းပြင်မြေသားအောက်မှ သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း ဖောက်လုပ်ဆက်သွယ်နေသော ဆိပ်သာမြစ်ဖြတ်ပိုက်လိုင်း တူးဖော်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ ဆိပ်သာကျေးရွာမှမြစ်အရှေ့ဘက်ကမ်းရှိတရုတ်မော်ကျေးရွာသို့ ပထမ ပိုက်လမ်းကြောင်း အောင်မြင်စွာ ဖောက်လုပ်နိုင်မှု အခြေအနေများနှင့် ဆက်လက်၍ တွင်းပေါက်ချဲ့ထွင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လုပ်ငန်းအောင်မြင်မှု ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ပအတတ်ပညာရှင်များအား ဂုဏ်ပြုစကားပြောကြားပြီး ခေတ်မီနည်းပညာများ၊ စက်ပစ္စည်းများကို မိမိတို့ဝန်ထမ်းများက ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရေးအတွက် ရရှိနေသော အခွင့်အရေးများ၊ အတွေ့အကြုံများကိုထိထိရောက်ရောက် လေ့လာ ဆည်းပူးသွားရန် ဆွေးနွေးမှာကြားသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် Horizontal Directional Drilling (HDD) စက်ဖြင့် ပိုက်လိုင်း တူးဖောက်ဆက်သွယ်ခြင်း လုပ်ငန်းကို ဒုတိယအကြိမ်မြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီးဖြစ်ရာ အခြားသောမြစ်ဖြတ်ပိုက်လိုင်းဆက်သွယ်မှုလုပ်ငန်းများကိုလည်း HDD စက်အသုံးပြု၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အင်ဂျင်နီယာများ ကိုယ်တိုင် ဆောင်ရွက်နိုင်တော့မည်ဖြစ်သဖြင့် မြစ်ဖြတ်ပိုက်လိုင်းများရေစီးနှုန်းကြောင့် ကျိုးပြတ်ခြင်း မရှိတော့ဘဲ ပိုမိုလုံခြုံစိတ်ချစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် ပြည်နယ်နှင့်တိုင်း ခြင်းလုံးခတ်ပြိုင်ပွဲ

ရန်ကုန် မတ် ၁၅

၂၀၀၇ ခုနှစ် တတိယအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် (၃၃)ကြိမ်မြောက် ပြည်နယ်/တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို မတ် ၁၇ ရက်မှ ၂၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ စတင်၍ အောင်ဆန်း ကစားပြိုင်ဝင်း မိုးလုံလေလုံပြိုင်ပွဲရုံတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ခြင်းလုံးခတ်ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲအနေဖြင့် (၄)ပေါက်တန်း (ခြင်းလတ်၊ ခြင်းကြီး၊ လက်ရွေးစင်လေးမျိုးစီ)၊ (၆)ပေါက်တန်း(ခြင်းလတ်၊ ခြင်းကြီး၊ လက်ရွေးစင်ခြောက်မျိုးစီ)၊ (၁၀)ပေါက်တန်း (ခြင်းလတ်၊ ခြင်းကြီး၊ လက်ရွေးစင် ၁၀မျိုးစီ)နှင့် အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်။ ပြည်နယ်၊တိုင်းပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ(၆)ပေါက်တန်းနှင့် အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြိုင်ပွဲတွင် အတန်းလေးတန်းစလုံး၌ တစ်တန်းလျှင် ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်းငါးထောင်၊ တတိယဆု ကျပ်ငါးသောင်းစီချီးမြှင့်မည်။ ပြည်နယ်/တိုင်းပြိုင်ပွဲတွင် နှစ်တန်းစလုံး၌ ပထမဆု ကျပ်ငါးသောင်း၊ ဒုတိယဆုကျပ်သုံးသောင်း၊ တတိယဆု ကျပ်နှစ်သောင်းစီ ချီးမြှင့်မည်။ နှစ်သိမ့်ဆု ကျပ် တစ်သောင်းစီ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဦးသန်းမောင်(ဒုတိယဥက္ကဋ္ဌ) ဖုန်း–၇၀၅၀၇၀၊ ၀၉၈၀–၂၂၅၃၂၊ ဦးမျိုးမြင့်(တွဲဖက်အတွင်းရေးမှူး) ဖုန်း–၂၂၆၈၇၂ နှင့် ဦးခင်မောင်မြင့်(အတွင်းရေးမှူး) မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစားပြိုင်ဝင်းထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ယဉ်ကျေးလိမ္မာဗုဒ္ဓဘာသာနွေရာသီ အင်္ဂလိပ်–မြန်မာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၅

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၏ လူငယ်များအတွက် ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာ နွေရာသီ အင်္ဂလိပ်–မြန်မာသင်တန်းကို ကျောင်းပိတ်ရက်တွင် နေ့စဉ် နံနက် ၈နာရီမှ စတင်၍သင်ကြားပို့ချမည်ဖြစ်ရာ တက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းတော်ကြီးရုံးဖုန်း–၅၄၄၉၃၈ သို့ ပတ်စပို့ဓာတ်ပုံနှစ်ပုံနှင့်အတူ လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ကျောင်းသားဦးရေ ကန့်သတ်ထားသဖြင့် သင်တန်းဝင်ခွင့်လျှောက်လွှာများတင်သွင်းကြရန် တိုက်တွန်းနှိုးဆော်ထားပြီး သင်တန်းဖွင့်ပွဲ ကျင်းပမည့်နေ့ကို ဆက်လက်ကြေညာမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆–၃–၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း–၁၇)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း–၂၉)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၁၅

ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးတွေ့ရှိမှု။ ရန်ကုန်တိုင်း၊ မြို့နယ်များအတွင်း မွေးမြူရေးခြံများတွင် အောက်ပါအတိုင်း ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးတွေ့ရှိခဲ့ပါကြောင်း-

နေ့စွဲ	မြို့နယ်	မွေးမြူရေးခြံ	မှတ်ချက်
၂၈-၂-၂၀၀၇	မရမ်းကုန်း	ဥစားကြက်/ဘဲခြံတစ်ခြံ	H5 N1 အတည်ပြု
၂-၃-၂၀၀၇	လှိုင်သာယာ	ဥစားကြက်ခြံတစ်ခြံ	H5 N1 အတည်ပြု
၁၃-၃-၂၀၀၇	မြောက်ဥက္ကလာပ	ရစ်ခြံတစ်ခြံ	သံသယ H5 N1 အတည်ပြုစစ်ဆေးဆဲ
၁၃-၃-၂၀၀၇	မင်္ဂလာဒုံ	ငုံးခြံတစ်ခြံ	သံသယ H5 N1 အတည်ပြုစစ်ဆေးဆဲ

၂။ **ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်မှု အရေးယူဆောင်ရွက်ချက်**

(က) ကန့်သတ်ဇုန် (Restricted Zone)

နေ့စွဲ	မြို့နယ်	ဇုန်သတ်မှတ်ချက်	
၁-၃-၂၀၀၇	မရမ်းကုန်း	ရောဂါဖြစ်ကြက်ခြံ	ပတ်ဝန်းကျင်(၁)ကီလိုမီတာ
၃-၃-၂၀၀၇	လှိုင်သာယာ	ရောဂါဖြစ်ကြက်ခြံ	ပတ်ဝန်းကျင်(၁)ကီလိုမီတာ
၁၄-၃-၂၀၀၇	မြောက်ဥက္ကလာပ	ရောဂါဖြစ်ရစ်ခြံ	ပတ်ဝန်းကျင်(၁)ကီလိုမီတာ
၁၄-၃-၂၀၀၇	မင်္ဂလာဒုံ	ရောဂါဖြစ်ငုံးခြံ	ပတ်ဝန်းကျင်(၁)ကီလိုမီတာ

(ခ) ထိန်းချုပ်ရေးဇုန် (Control Zone)

နေ့စွဲ	မြို့နယ်	ဇုန်သတ်မှတ်ချက်
၁-၃-၂၀၀၇	မရမ်းကုန်း၊ တောင်ဥက္ကလာပ၊ ရန်ကင်း	မြို့နယ်အလိုက်
၃-၃-၂၀၀၇	လှိုင်သာယာ	မြို့နယ်အလိုက်
၁၄-၃-၂၀၀၇	မြောက်ဥက္ကလာပ	မြို့နယ်အလိုက်
၁၄-၃-၂၀၀၇	မင်္ဂလာဒုံ	မြို့နယ်အလိုက်

၃။ **တိရစ္ဆာန်ကျန်းမာရေးသတိရှိရေး**

(က) ရောဂါထိန်းချုပ်မှုထိရောက်ရေး

(၁) **ကန့်သတ်ဇုန်။** ရောဂါဖြစ်ကြက်ခြံ၊ သံသယဖြစ်ဖွယ်ကြက်ခြံ၊ရောဂါကျရောက်ကူးစက်နိုင်သည့် တိုင်းရင်းကြက်များ သုတ်သင်ဖျက်ဆီးမှုတွင် လိုက်နာပူးပေါင်းဆောင်ရွက်ရန်။

(၂) **ထိန်းချုပ်ရေးဇုန်။**

- ကန့်သတ်ဇုန်၏ ပြင်ပ (၆)ကီလိုမီတာ အဝန်းအဝိုင်းအတွင်း ကြက်၊ ဘဲ၊ ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှုကန့်သတ်ချက်ကိုလိုက်နာဆောင်ရွက်ရန်။
- မြို့နယ်အလိုက် ဈေးများတွင် ကြက်၊ ဘဲ၊ ငုံးနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများရောင်းချမှု ကန့်သတ်ချက်ကို လိုက်နာဆောင်ရွက်ရန်။

(ခ) **ပူးပေါင်းဆောင်ရွက်ရေး။**

ရောဂါထိန်းချုပ်မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ဇီဝလုံခြုံရေး၊ ပြည်သူလူထု ကျန်းမာရေး၊ ကြက်၊ ဘဲ၊ ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှုနှင့် ရောင်းချမှုကန့်သတ်ချက်များအား ကြီးကြပ်ဆောင်ရွက်နေသည့် ဒေသအာဏာပိုင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ကြပါရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်

ရန်ကုန် မတ် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနချုပ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ပေးအပ်ခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာနချုပ် သီတာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မရမ်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သီသီသိန်းက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းနှင့် ကမ္ဘာ့တီဘီ တိုက်ဖျက်ရေးအကြောင်းကို ဟောပြောသည်။

ထို့နောက် မီးသတ်ဦးစီးဌာနချုပ်မှ အမျိုးသမီးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်အမျိုးသမီးများ၏ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ညွှန်ကြားရေးမှူး (အထက်မြန်မာပြည်)၏ ဇနီး ဒေါ်သစ်သစ်လွင်က မရမ်းကုန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးမာထံ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် မီးသတ်ဦးစီးဌာနချုပ်မှ အသက်(၆)လမှ (၅)နှစ်အတွင်းရှိ ကလေးသူငယ်များအား ဗီတာမင်အေ အားဆေးတိုက်ကျွေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၁၅-၃-၂၀၀၇)

မင်းဘူး၊ မကွေး
၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)

နေပြည်တော်၊ ပြည်၊ သာယာဝတီနှင့် ဟသ်ာတ
၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)

ကံ့ကော်မြိုင် တရားစခန်း

ရန်ကုန် မတ် ၁၅

သင်္ဃန်းကျွန်းမြို့နယ် ဈ/တောင်ရပ်ကွက် ကံ့ကော်မြိုင် သာသနာ့ရိပ်သာစာသင်တိုက်တွင်သင်္ကြန်(၁၀)ရက် တရားစခန်းကို ဧပြီ ၈ရက် (တနင်္ဂနွေနေ့)မှ ၁၇ ရက် (နှစ်ဆန်း ၁ရက်)အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများ ဧပြီ ၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် ဧပြီ ၇ရက် (စနေနေ့) ညနေ ၄ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။

(၂၃)

မီးလောင်မှုသတင်း

ရန်ကုန် မတ် ၁၅

မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ရှားပင်ကျေးရွာအုပ်စု၊ နန်းပင်ကျေးရွာ၌ မတ် ၁၄ ရက် ည ၉နာရီခန့်တွင် မီးဖိုမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၃၇ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း၊ ပဲခူးတိုင်း၊ အုတ်ဖိုမြို့၊ ကျောက်တန်းကြီးရပ်ကွက်၊ ကျောင်းကြီးတန်းလမ်း၌ မတ် ၁၄ ရက် နံနက် ၄နာရီခန့်တွင် မီးဖိုမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ရတနာပုံရပ်ကွက်၊ သပြေလမ်းတွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ အိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူကိုးဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

မဟာဒုက်ဘုရား အလှူမင်္ဂလာကျင်းပမည်

လှည်းတန်းဈေးသူ၊ ဈေးသားများနှင့် အလှူရှင်များ နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာဒုက်ဘုရား၊ ပိဋကတ်သုံးပုံ၊ ဒုလ္လဘ ရဟန်းခံရှင်ပြုပွဲကို (၄၁)ကြိမ်မြောက်အဖြစ် မတ် ၃၁ ရက်မှ ဧပြီ ၁ရက်ထိ လှည်းတန်းဈေးရှေ့ မဟာမင်္ဂလာမဏ္ဍပ်တွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် အကျိုး ဆောင်အဖွဲ့ (တွဲဖက်အတွင်းရေးမှူး) ဦးကျော်ကျော် ဖုန်း-၀၉-၅၁ ၃၉၅၇၈ နှင့် အဆိုပါမဏ္ဍပ်တွင် လှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း အထူးအစည်းအဝေး

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့၏ ၂၀၀၇ ခုနှစ် အထူးအစည်းအဝေးကို မတ် ၃၁ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ တိုင်းနှင့် ပြည်နယ်များမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောမည်

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) CGA အသင်းကြီးမှ ကြီးမှူး၍ စီးပွားရေးပညာရပ်ဆိုင်ရာဟောပြောပွဲကို မတ် ၂၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် Myanmar Info-Tech အခန်း(၂၀၅)၌ ပြုလုပ်မည်ဖြစ်ရာ ဒေါက်တာမောင်မြင့် (ESCAP)Senior planning Officer(Retired) က စီးပွားရေးအသွင်ပြောင်းနေသည့် နိုင်ငံများမှ သင်ခန်းစာများ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသင်းရုံး အမှတ်(၃၇/၄၁)၊ လမ်း(၅၀)အောက်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၁၆၆၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

ဆားလင်းကြီးမြို့နယ်၌ မီးဘေးလုံခြုံရေးလေ့ကျင့်

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နွေရာသီမီးဘေးကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် ဈေးမီးဘေးလုံခြုံရေး ကြိုတင်ပြင်ဆင်ခြင်း ဓာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၉ရက်က မြို့မဈေးအတွင်း အဖွဲ့ဝန်ထမ်းများဖြင့်ပြုလုပ်ရာ အမှုဆောင်အရာရှိ ဦးအုန်းမြင့် ကြီးကြပ်စစ်ဆေးခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၁၅

၁။ **ငှက်မြေကျသေဆုံးမှု။** (၁၀-၃-၂၀၀၇)နေ့မှ (၁၅-၃-၂၀၀၇)နေ့အထိ ရန်ကုန်တိုင်း မြို့နယ်များတွင် ကျီး၊ ခို၊ စာကလေး မြေကျသေဆုံးမှုမှာ အောက်ပါအတိုင်းဖြစ်ပွားခဲ့ကြောင်း-

နေ့စွဲ	မြို့နယ်	ကျီး	ခို	စာကလေး	ပေါင်း
၁၀-၃-၂၀၀၇	အလုံ၊ရွှေပြည်သာ၊အင်းစိန်၊မင်္ဂလာဒုံ၊ ပုဇွန်တောင်၊မရမ်းကုန်း	၆	၃	-	၉
၁၁-၃-၂၀၀၇	အင်းစိန်၊ပုဇွန်တောင်၊ကြည့်မြင်တိုင်၊ ပန်းဘဲတန်း၊သာကေတ၊လှိုင်သာယာ၊လှိုင်	၅	၄	-	၉
၁၂-၃-၂၀၀၇	စမ်းချောင်း၊လှိုင်၊သင်္ဃန်းကျွန်း၊ဒေါပုံ၊မရမ်းကုန်း၊ ဒဂုံမြို့သစ်	၃	၃	-	၆
၁၃-၃-၂၀၀၇	မရမ်းကုန်း၊ဒဂုံမြို့သစ်၊မင်္ဂလာဒုံ၊အင်းစိန်၊ ဆိပ်ကြီးခနောင်တို	၃	၂	၁	၆
၁၄-၃-၂၀၀၇	ပုဇွန်တောင်၊မှော်ဘီ၊သာကေတ	၅	-	-	၅
၁၅-၃-၂၀၀၇	အင်းစိန်	၂	၁	-	၃
စုစုပေါင်း		၂၄	၁၃	၁	၃၈

၂။ **စစ်ဆေးတွေ့ရှိချက်**

(က) **ကြက်ငှက်တုပ်ကွေးရောဂါ။** စစ်ဆေးမတွေ့ရှိပါ။

(ခ) **မြေကျသေဆုံးမှုအကြောင်းရင်း။** ငှက်အများစုမှာ အပူရှပ်၊နာတာရှည်၊အသက်ရှူလမ်းကြောင်းရောဂါ၊ အူရောင်၊ ကျောက်ပေါက်၊ထိခိုက်ဒဏ်ရာ၊ အဆိပ်အတောက်ကြောင့် သေဆုံးကြောင်း။

၃။ **ဖြစ်စဉ်အပေါ် သုံးသပ်ချက်**

(က) ငှက်များမြေကျသေဆုံးမှုလျော့နည်းလာကြောင်း၊
(ခ) ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုမဟုတ်ကြောင်း။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

မတ် ၉ရက်က ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းတော်၌ သီတင်းသုံးနေတော်မူကြသည့် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့် အလှည့်ကျ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများအား မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး–မြောင်းမြ)၊ ဒေါ်ခင်ခင်စိန် (စိန်ရတနာရွှေဆိုင်) မိသားစုတို့က နိဗဒ္ဓ(ရာသက်ပန်) ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆေး လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ကမ္ဘောဇအရှင်လက္ခဏာတရားပွဲ

ရန်ကုန် မတ် ၁၅

ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ မိုးမိတ်ကျောင်း မိုးကုတ်ဓမ္မကထိက ကမ္ဘောဇအရှင်လက္ခဏ(ဓမ္မာစရိယ) (B.S.T)B.A(Geo) ပအိုဝ်းဆရာတော်သည် မတ်၁၈ရက်မှ ၂၅ရက်အထိ ဘိုကလေးမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၁၈) မင်္ဂလာရိပ်သာ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

မတ် ၁၀ရက်က ကျင်းပသည့် ရန်ကုန်မြို့ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်မှ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ၌ အောင်မြင်ခဲ့ကြသော သံဃာတော်အရှင်သူမြတ်များ ချီးကျူးပူဇော်ပွဲနှင့် သာသနနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ လှူပုဂ္ဂိုလ်များဂုဏ်ပြုပွဲတွင် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်ခင်ကြည်အား အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိန်မြင့် ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က–ပ)

အချိန်အခါမဟုတ် မိုးရွာမည်သတိပေး

နေပြည်တော် မတ် ၁၅

မြန်မာစံတော်ချိန် ယနေ့ နံနက် ၉နာရီခွဲ တိုင်းထွာချက်များအရ အနောက်လေစီးကြောင်းများအတွင်း ဖြစ်ပေါ်နေသော လေဖိအားနည်းချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၄၁ရပ်ကွက်နေ ဦးမြင့်သိန်း–ဒေါ်ခင်သန်းမြင့် မိသားစုက ဦးမြင့်သိန်း၏ မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်ထွက်ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၅

ပန်းတနော်မြို့ သာသနာ့ဟိတရာမ ပခန်းကျောင်းတိုက်အတွင်းရှိ မိုးကုတ်ဝိပဿနာဟိတရာမ ပခန်းကျောင်းတိုက်၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော်ဦးပညာသာမိ၏ ဩဝါဒကိုခံယူ၍ ဝိပဿနာခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါတရားစခန်းပွဲ၌ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်မှ ဆရာတော် ဦးကောဝိဒအရှင်သူမြတ်နှင့် ဆရာတော် ဦးကေသဝ(ပျော်ဘွယ်)၊ ဆရာတော်ဦးဝိမလအရှင်သူမြတ်တို့က ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ဟောကြားမည်ဖြစ်၍ တရားအားထုတ်လိုသည့် ယောဂီများသည် ဧပြီ ၁၀ရက် ညနေ ၅ နာရီ အရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

အောင်စကြာတရားစခန်း

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ မတ် ၂၃ ရက်မှ ၂၉ ရက်အထိ သာကေတမြို့ မင်းရာဇာအိမ်ရာနေ ဦးခင်မောင်အေး–ဒေါ်ခင်မာကြူမိသားစုတို့က သားဖြစ်သူ မောင်လင်းထွန်းလင်း၏(၂၂)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ဓမ္မဒါန ခုနစ်ရက်တရားစခန်းပွဲကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် ဖုန်း–၅၄၇၀၂၈၊ ၀၉–၅၁၄၇၃၈၂ တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရွှေတော်ဝင် Golden Royal အပန်းဖြေခရီးသွားလုပ်ငန်း

ရွှေစက်တော် (သီးသန့်)၊ တောင်ကြီး(သီးသန့်)၊ မူဆယ်ရွှေလီ(သီးသန့်) ရွှေစက်တော်မှ ... တောင်ကြီးမန္တလေးအလောင်းတော်ကဿပ ကျိုက်ထီးရိုး(နေ့စဉ်) မော်လမြိုင်ကျိုက္ခမီ စက်စဲချောင်းသား MARCH 23,30, APRIL 6 ထွက်မည်။

ကားကြိုး/ သေးစီးလုံးဌားသည် ☎ 379260

အမှတ်(၀၂၁၄)ပထမထပ်၊ ဆိပ်ကမ်းသာနှင့်ဥက္ကလမ်းထောင့်၊ ... အာရပလာဇာ



ယုဇနပလာဇာမှ ကားကက်ဆက်ဆိုင်ခန်းများအားလုံး ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ယုဇနပလာဇာမှ ကားကက်ဆက်ဆိုင်ခန်းများအားလုံး သိမ်ဖြူတင်းနစ်ကွင်းဘေးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အတွက် အထူးလျှော့ဈေးဖြင့် ရောင်းချနေပြီဖြစ်ကြောင်း (Car Audio) ဝါသနာရှင်များအား သတင်းကောင်းပါးအပ်ပါသည်။

Auto Star Car Audio

ဦးသန်းဟန် – ဆိုင်အမှတ်(၁) ဖုန်း–၇၂၄၃၄၁
ကိုထွန်းအောင်(ခ)ကိုလတ် – ဆိုင်အမှတ်(၁၀) ဖုန်း–၇၂၄၆၆၁
ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်

MYOB COMPUTERISED ACCOUNTING

မတ်လ (၁၉)ရက်နေ့ စတင်မည်။
သင်တန်းများ စတင်လက်ခံနေပါပြီ။
Contact : U THURA SHEIN
PH: 09 5003499, 09 9971735, 705016

BAHOSI & Ye Thu Aung သင်္ကြန်အထူးခရီးစဉ်

မူဆယ်+ရွှေလီ	April 13	200000Ks
မန္တလေး+တောင်ကြီး	April 13	140000Ks
တောင်ကြီး	April 12,13	100000Ks
ချောင်းသာ	April 12,14	70000Ks

Please Contact: လသာ 01.241180
အောင်ဆန်းကွင်း: 01.381472, 249672
အောင်မင်္ဂလာအဝေးပြေး: 704338

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၃ D၊ မြေကွက်အမှတ်–၅၉၊ မြေကွက်တည်နေရာ အမှတ်–၂၆၊ ဗဟန်း–၁လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်း(ဒေါ်လှိုင်)အမည်ပေါက်၊ အနှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်လှိုင်ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်တင်ဦး[၁၂/ဗဟန(နိုင်)၀၁၂၇၆၀]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

မဟာသင်္ကြန်ပွဲတော်နှင့် နှစ်သစ်ကူးအထူးအစီအစဉ်

မြန်မာနှစ်သစ်ကို ကြိုဆိုလျက် မဟာသင်္ကြန်မှာ မြန်မာပြည်သူ/သား အားလုံး တိုးတက်ကြီးပွါး ပျော်ရွှင်ချမ်းမြေ့ကြပါစေ။
အောက်ဖော်ပြပါ တိုက်ခန်းများကို (15.3.07) မှ (12.4.07) ထိ 30% (Discount) ဖြင့်ရောင်းချပေးနေပါပြီ။

အမှတ်–၁ရ၆/၁ရ၈၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ (ဓါတ်လှေကားပါ)

ရတနာမြိုင် ဆောက်လုပ်ရေးနှင့် ပူးပေါင်းတည်ဆောက်သည့် အမှတ်–၁၃၉/၁၄၁၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်



AHMEA MYAE General Commercial Co-operative Ltd မှ အရည်အသွေးမီ/ဒီဇိုင်းအသစ် နံရံကပ်အလှဆင် (Wall Paper) အမျိုးမျိုးတို့ကို (Special Discount) ဖြင့် လက်လီ/လက်ကား ရောင်းချပေးနေပါသည်။

MOTHER LAND Home Decoration မှ အထူးဈေးနှုန်းဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ပေးနေပါသည်။

အထပ်မြင့်/အဆင့်မြင့် လုံးချင်းအိမ်ယာများ/စက်ရုံအဆောက်အဦးအမျိုးမျိုးတို့ကို (PAE) စနစ်ဖြင့် တည်ဆောက်ပေးခြင်း။ အိမ်ခန်းအတွင်းအပြင် ပြန်လည်မွမ်းမံခြင်း။ အလှဆင်ခြင်းများကို နောက်ဆုံးပေါ်ဒီဇိုင်းအမျိုးမျိုးဖြင့် နိုင်ငံတကာအဆင့်မီဆောင်ရွက်ပေးခြင်းဖြင့်လူကြီးမင်းတို့၏စိတ်ကြိုက်ညှိနှိုင်းဆောင်ရွက်ပေးနေပါပြီ။

Contact ... MOTHERLAND GROUP CONSTRUCTION CO.,LTD

☎: 376342,394202,394822,248912,204058 📱:09-5104867, 5101068

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) – ၀၇၀၆ YR ၄၈၁၅ / (ဆေးမှုန့်) – ၀၇၀၆ YR ၀၃၉၄
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၀၅တဆထလ/တိုး(၅၄)

RE GD.

တဟွပ်ဟွပ်နဲ့ အိပ်မရအောင်ဆိုးနေတဲ့ချောင်း **ကွမ်းရွက်ပုံ** ဆေးကောင်း

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ ရွာ များကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်းမရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပက်ဝင် စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ရေခဲသေတ္တာ၊ အဲယားကွန်း၊ အဝတ်လျှော်စက်၊ အပျက်ဝယ်လိုသည်။
ဖုန်း ၀၁-၅၄၈၂၀၉

ကျေးဇူးဆပ်မည်
ကျွန်တော် မင်းငွေကြည်၏ နိုင်ငံကူး လက်မှတ်အမှတ် ၅၃၄၅၃၆သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း- ၂၀၂၅၂၂**

အမြန်ဆက်သွယ်ပါ
89, 90 Vanကား အမျိုးအစားများ ကုမ္ပဏီလုပ်ငန်းသုံးရန်အတွက် လချုပ်ငှားရမ်းလိုသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
ဖုန်း-၅၁၉၀၉၂

ရှောင်လေ
ဝေးဝေး
မူးယစ်ဆေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
Civil Service Selection and Training Board

ကြော်ငြာစာအမှတ်၊ ၃ (ပြင်ဆင်ချက်) / ၂၀၀၇
၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၀၇ ခုနှစ်၊ မတ် လ ၁၄ ရက်)

ရေးဖြေစာမေးပွဲ ကျင်းပမည့် နေ့ရက်များပြင်ဆင်ခြင်း

၁။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာစာအမှတ်၊ ၃/၂၀၀၇ ဖြင့်လျှောက်လွှာခေါ်ယူခဲ့သော ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လက်ထောက်မန်နေဂျာ (တက္ကသိုလ်တစ်ခုခုမှဘွဲ့) ရာထူး ၁၃ နေရာအတွက် ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက်များကို မူလသတ်မှတ်ထားသည့် ၂၈-၄-၂၀၀၇ **(စနေနေ့)** နှင့် ၂၉-၄-၂၀၀၇ **(တနင်္ဂနွေနေ့) များအစား ၅-၅-၂၀၀၇ (စနေနေ့)နှင့် ၆-၅-၂၀၀၇ (တနင်္ဂနွေနေ့)များသို့ ပြောင်းရွှေ့**ပြင်ဆင် လိုက်ပါသည်။

၂။ စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ၃-၅-၂၀၀၇ (ကြာသပတေးနေ့)မှ စ၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရုံးအမှတ် (၁၇) နေပြည်တော်တွင် ထုတ်ပေးမည်။

၃။ စုံစမ်းမေးမြန်းလိုပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရုံးအမှတ် (၁၇)နေပြည်တော်နှင့် ရန်ကုန်ရုံးခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ နေပြည်တော် တယ်လီဖုန်း အမှတ် ၀၆၇ -၄၀၉၀၅၂ နှင့် ရန်ကုန်ရုံးခွဲ တယ်လီဖုန်းအမှတ် ၀၁ - ၃၇၈၁၆၃ သို့ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ ဤကြော်ငြာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Websiteများ ဖြစ်သော csstb.imis.com.mm နှင့် www.csstb.gov.mmတွင်လည်း ဖော်ပြထား ပါသည်။

မလေးရှားနိုင်ငံတွင်အလုပ်လုပ်ရန်ခေါ်ယူနေပါသည်

ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော **Today Top Star Co.,Ltd** မှ မလေးရှားနိုင်ငံအတွက် အောက်ပါလုပ်သားများ လိုအပ်လျက်ရှိပါသည်။

PRIME CITY HTOEL Housekeeping ကျား(၄)ဦး & Bellboy ကျား(၁)ဦး
- **လစာ တစ်လလျှင်(၈၀၀)ရင်းဂစ်+တစ်နေ့အစားအစာ (၃)နပ် စီစဉ်ပေးမည်။**
- အလုပ်ဆင်းရက် (အင်္ဂါ မှ တနင်္ဂနွေ)၊ နားရက် (တနင်္လာ)၊ နေစရာ၊ ရေ မီး အခမဲ့။ (၃) နှစ်စာချုပ် Bellboy အတွက် အင်္ဂလိပ်စကားပြောဆိုနိုင်ရမည်။ အသက် (၁၈-၃၀) နှစ်အတွင်း

Magnificent Emblem (အဆင့်မြင့်စားသောက်ဆိုင်လုပ်သား) ကျား(၂၀)ဦး
- လစာ တစ်လလျှင် (၈၀၀-၁၀၀၀) ရင်းဂစ် အတွင်း လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ခံစားခွင့်ရှိမည်။ အင်္ဂလိပ်စကားပြောဆိုဆက်သွယ်နိုင်ရမည်။ ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းအတွေ့အကြုံရှိပါကဦးစားပေးမည်။ နေ/စား (ငြိမ်း) စီစဉ်ပေးမည်။ အသက် (၁၈- ၃၀) နှစ်အတွင်း။

PLEXUS (အရှေ့တောင်အာရှတွင်လုံခြုံရေးပစ္စည်းများထုတ်လုပ်သောအဆင့်မြင့်ကုမ္ပဏီကြီးဖြစ်သည်)
Test Engineering Operator ကျား(၁၇)ဦး
- အင်္ဂလိပ်စကားနှင့်ကွန်ပျူတာအခြေခံရှိရမည်။ အင်ဂျင်နီယာပိုင်းဆိုင်ရာ ဒီပလိုမာရှိပါကဦးစားပေးမည်။
Stroe (Material Handler) ကျား(၂၃)ဦး
- အင်္ဂလိပ်စကားနှင့်ကွန်ပျူတာအခြေခံရှိရမည်။ အနိမ့်ဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။

အခြေခံလစာ+အဆိုင်းကြေး+OTအပါအဝင်တစ်လလျှင်(၉၀၀-၁၀၀၀)ရင်းဂစ်ခန့်ရနိုင်မည်။

Southern Waste Management (Skilled Mechanic) ကျား(၆)ဦး
- လစာ တစ်လလျှင် **(၁၅၀၀ - ၁၆၀၀)**ရင်းဂစ်အတွင်းလုပ်ငန်းအတွေ့အကြုံပေါ် မူတည်ပြီး ညှိနှိုင်းမည်။ Heavy Truck / Lorry Car Engine **လက်တွေ့ပြင်ဆင်မှုစစ်ဆေးမည်။**
Mechanical Engineering Diploma (သို့) ၎င်းနှင့်ဆက်စပ်လျက်ရှိသောလုပ်ငန်းများနှင့် ပတ်သက်၍ အတွေ့အကြုံ ကောင်းမွန်စွာရှိသူဖြစ်ရမည်။အင်္ဂလိပ်စာအခြေခံပြောဆို ဆက်သွယ်နိုင်ရမည်။ အသက် (၂၁-၃၅) နှစ်အတွင်းဖြစ်ရမည်။

Dorma Production (M) Sdn Bhd (Manufacturing in Door Closer)
- **အထွေထွေလုပ်သား** (ဂျာမနီစက်ရုံဖြစ်သည်) ကျား(၁၄)ဦး
- လစာ တစ်လလျှင် အချိန်ပိုအပါအဝင် (၇၅၀) ရင်းဂစ်
- **Machine Maintenance Technician** ကျား(၂)ဦး
- **Degree in electronics/electrical field** (သို့)၎င်းနှင့်ဆက်စပ်လျက်ရှိသောလုပ်ငန်းအတွေ့အကြုံကောင်းမွန်စွာရှိသူဖြစ်ရမည်။ လစာတစ်လလျှင် **(၁၂၀၀) ရင်းဂစ်ခန့်** သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံနှင့်ကျွမ်းကျင်မှုအပေါ် မူတည်ပြီးခံစားခွင့်ရှိမည်။

SEB Manufacturing (Plastic Injection Moulding & Assembly)
- **အထွေထွေလုပ်သား (အသက် (၁၈-၃၀) နှစ်အတွင်း** ကျား(၆)ဦး
- လစာ တစ်ရက်လျှင် (၂၀) ရင်းဂစ်၊ ရက်မှန်ကြေး တစ်လလျှင် (၅၀) ရင်းဂစ်၊ နေ့ဆိုင်းကြေး တစ်ရက်လျှင် (၅) ရင်းဂစ်၊ ညဆိုင်းကြေး တစ်ရက်လျှင် (၁၀) ရင်းဂစ်၊ ခရီးစရိတ် တစ်လလျှင် (၆၀) ရင်းဂစ်
- Injection moulding နှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိရမည်။ အင်္ဂလိပ်စာနှင့်သင်္ချာနားလည်ရမည်။

CHI YUAN METAL INDUSTRIAL (Manufacturing Electrical Components)
- **စက်ရုံလုပ်သား** ကျား(၁၈)ဦး
- အခြေခံလစာ + အချိန်ပို ၊ရက်မှန်ကြေး အပါအဝင် တစ်လလျှင် **(၇၈၀)ရင်းဂစ်ခန့်** ရရှိနိုင်မည်။
- အင်္ဂလိပ်စာအခြေခံနှင့်သင်္ချာတွက်ချက်မှုနားလည်ရမည်။ အသက် (၂၀-၃၀) နှစ်အတွင်း

Today Top Star Co.,Ltd (ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း)ဖုန်း-၅၀၀၅၄၇
တတိယထပ်၊ ပြည်မြန်မာကုန်တိုက်၊ လှည်းတန်းမီးပွိုင့်၊ ကမာရွတ်မြို့နယ်၊ ဖုန်း - ၅၀၀၅၄၈၊ ၅၃၄၇၂၁
မှန်ကန်/မြန်ဆန်သော ဝန်ဆောင်မှု

PRIME
English Language Acquisition Centre

နွေရာသီ အင်္ဂလိပ်စာ အထူးသင်တန်း

အသက် ၆ နှစ်မှ ၁၆ နှစ်ထိ ကလေးလူငယ်များအတွက် နွေရာသီအထူးသင်တန်း
Fri / Sat / Sun **8:00 → 10:00 / 10:00 → 12:00 a.m**
3:00 → 5:00 p.m (Level - 4 / Level - 5)
Essay & Letter Writing
Mon / Tue / Wed **10:00 → 11:30 a.m**
Mon / Wed / Fri **1:00 → 2:30 p.m**
IELTS, TOEFL, Speaking, General English (4 Skills) ပုံမှန်သင်တန်းများ
မတ်လ ၃၀ ရက်နေ့စမည်၊ ကျောင်းအပ်လက်ခံပြီ။
၃၈ လမ်း ပလာဇာ၊ ဒုထပ်၊ ဆိပ်ကမ်းသာလမ်း(ထက်)၊ ရန်ကုန်၊ ဖုန်း - ၇၀၀၃၀၂

အမြန်ဝယ်လိုသည်
အသင့် အသုံးပြုနိုင်သော ဒိုဇာ(Dozer) ဘက်ဟိုး (Excavator) များ အမြန်ဝယ်လိုသည်။
ဆက်သွယ်ရန်
ဖုန်း - ၀၉ ၂၀၀၀၃၁၇၊
၀၂ ၆၅၇၂၇

ဒစ်ဂျစ်တယ်ကင်မရာအကြောင်း၊ ဒစ်ဂျစ်တယ်ဓာတ်ပုံပညာအကြောင်း ဖါရင့်ဓာတ်ပုံပညာရှင်ကြီးတစ်ဦး လေ့လာဆည်းပူးထားသမျှ စေတနာအပြည့်အဝဖြင့် ရေးသားပြုစုထားမှုကိုပုံနှိပ်ထုတ်ဝေလိုက်သောစာအုပ် **ထွက်ပြီ**

တက္ကသိုလ်စိုးဝင်း B.Sc., H.MPS ၏

အဆင့်မြင့် ဒစ်ဂျစ်တယ် ဓာတ်ပုံပညာ

ရှင်းလင်းဖော်ပြမှုဆိုင်ရာ ရောင်စုံဓာတ်ပုံများ၊ ဒစ်ဂျစ်တယ်ဓာတ်ပုံတည်းဖြတ်မှု သရုပ်ပြပုံများ၊
ဒစ်ဂျစ်တယ်ဓာတ်ပုံပညာသမိုင်း အချက်အလက်များ စသဖြင့် စုံလင်စွာပါဝင်ပါသည်။ စာမူ - ၄၀၀၂၄၆၀၃၀၇
စိတ်ကူးချိုချို၊ အမှတ်(၆၇)၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း - ၅၄၂၉၇၃

ကုန်စည်ပြပွဲ
နှင့်အထူးဈေးရောင်းပွဲတော်ကြီး
မကွေးမြို့ (၂၄-၃-၀၇)မှ(၂၈-၃-၀၇)
မန္တလေးမြို့ (၃၁-၃-၀၇)မှ(၄-၄-၀၇)
ZEC/ZEK Electronic Co.,Ltd မှ အစီကပ်ပိုးကူညီသည်။
ပြခန်း/ဆိုင်ခန်းဖွင့် လှစ်ပြသရောင်းချလိုသူများဆက်သွယ်ရန်
SMARTCO.,LTD.01-538291,09 5014706,095003618

အမွေပြတ်စွန့်လွှတ်ခြင်း
ကျွန်မ၏ သမီးဖြစ်သူ မကျင်ကျင်ဝင်း [၁၄/မအပ(နိုင်)၀၁၂၁၅၈]သည် မိဘညီအစ်ကို မောင်နှမများအားလုံး၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သမျှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။
ဒေါ်ခင်ကြည်
[၁၄/မအပ(နိုင်)၀၁၂၁၆၂]

အညောင်းထိုင် အကြောဟက်သူများအားလုံး

၁၀၀၆ YR ၀၄၅၈၆
၆/၂၀၀၃ တ.ဆ.ထ.လ(ကိုး) ၀၈၃၆

ဆေးနန်းမြို့
ကိုသုံး

ဆီး၊ ဝမ်း၊ လေ မှန် ပေါ့ ပါး ကျန်းမာ၍
အာရုံကြော၊ လိပ်ခေါင်း၊ ထုံကျင်ကိုက်ခဲ၊ မျက်စိဝေ၊ မျက်ရည်ပူကျ၊ တိမ်စွဲသူများနှင့် အထူးသင့်လျော်ပါသည်။

FAMILY Entertainment Group
MRTV-4 INTERNATIONAL

Summer Promotion
From 9 . 3 . 07 to 9 . 4 . 07

MRTV | MRTV-3 | MRTV-4 | 5 MOVIES | 5 MOVIES | 5 CARTOONS | 5 SPORTS | 5 SERIES

- **7 Channels** DVB -T Receiver + Card + Premium Package
- **13 Channels** DVB -T Receiver + Card + (Premium + CNN+5) Package
- **15 Channels** DVB -T Receiver + Card + (Premium + CNN+7) Package
- **19 Channels** DVB -T Receiver + Card + (Premium + Super) Package

တစ်လုံးချင်းကြိုက်မှ **20% Off**

ကြည့်ရှုခွင့်သက်တမ်းတိုးမြှင့်သူများအတွက်
Premium , Super , CNN + 7, CNN + 5
(၁၂)လ သက်တမ်းတိုးသူများအတွက် (10%) (၆)လ သက်တမ်းတိုးသူများအတွက် (5%)

ရန်ကုန် ရုံးချုပ်
အမှတ် (၁၃၄)ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းဆစ်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်။ ဖုန်း - ၅၅၈၈၇၃၊ ၅၅၉၈၆၇

ရန်ကုန်မြို့ နှင့် အနီးတဝိုက်

အရောင်းဌာန (ရန်ကုန်)
အမှတ် (၂၀၆)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
(အိုးအိမ်ရုံးချုပ်အနီး)၊ ရန်ကုန်။ ဖုန်း - ၃၉၂ ၅၇၆

FAMILY Entertainment Group

MRTV-4

Summer Promotion
From 9 . 3 . 07 to 9 . 4 . 07

MRTV | MRTV-3 | MRTV-4 | 5 MOVIES | 5 MOVIES | 5 CARTOONS | 5 SPORTS | 5 SERIES

- **7 Channels**
DVB -T Receiver + Card + Premium Package တစ်လုံးကြည့်ခွင့် **20% Off**

ကြည့်ရှုခွင့်သက်တမ်းတိုးမြှင့်သူများအတွက်
Premium Package
(၁၂)လ သက်တမ်းတိုးသူများအတွက် (10%) (၆)လ သက်တမ်းတိုးသူများအတွက် (5%)

- အရောင်းဌာန (မန္တလေး)
အမှတ် (၃၁၃)၊ ၃၅ လမ်း၊ ၈၂ × ၈၃လမ်းကြား၊ မဟာအောင်မြေမြို့နယ်
မန္တလေးမြို့ ဖုန်း။ ၀၂ - ၇၁၁၁၂၊ ၇၁၁၁၃
- အရောင်းဌာန (ပဲခူး)
ပဲခူးတံတားထိပ်၊ ရန်ကုန်ပဲခူးလမ်းမကြီးဘေး၊ မြို့မဈေးအပေါ်ထပ်
ပဲခူးမြို့ ဖုန်း။ ၀၅၂ - ၂၅၅၃၃၊ ၂၅၅၁၄
- အရောင်းဌာန (တောင်ကြီး)
မ/၂၆၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မင်္ဂလာဦးရပ်ကွက်
တောင်ကြီးမြို့ ဖုန်း။ ၀၈၁ - ၂၂၁၈၃၊ ၂၂၆၃၂
- အရောင်းဌာန (မော်လမြိုင်)
အမှတ်(၂၈)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်
မော်လမြိုင်မြို့ ဖုန်း။ ၀၅၇ - ၂၂၈၆၄
- အရောင်းဌာန (ပြည်)
အမှတ် 4A ရန်ကုန် - ပြည်လမ်းမကြီး၊ မီးရထားတိုက်တန်း၊ ဈေးဝတီရိပ်သာ ပြည်မြို့
ဖုန်း - ၀၅၃ - ၂၆၀၉၁
- အရောင်းဌာန (ပုသိမ်)
အမှတ်(၁၈)၊ သိမ်ရိပ်၊ ကုန်သည်လမ်း၊ ပုသိမ်မြို့
ဖုန်း။ ၀၄၂ - ၂၅၇၉၄
- မင်းလှ - အရောင်းကိုယ်စားလှယ် (ကြို့ပင်ကောက်)
ဦးကံမြင့်နှင့် ညီများ၊ အရှေ့ဘုရားလမ်း၊ ကြို့ပင်ကောက်
ဖုန်း - ၀၅၃ - ၅၀၄၁၀
City Top Electronic (ကိုရွှေအောင်) အရှေ့လမ်းမတော်၊ ကြို့ပင်ကောက်
- မင်းလှ - အရောင်းကိုယ်စားလှယ် (သုံးဆယ်)
ရတနာဝင်း၊ ရုပ်ရှင်ရုံအောက်၊ ရန်ကုန် - ပြည်လမ်းမကြီး၊ သုံးဆယ်မြို့
ဖုန်း - ၀၅၅ - ၃၀၀၄၆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်းရောက်ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး — ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရေတာ်ကောင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရေတာ်ကောင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး သစ်ရောင်းချောင်းကူးတံတား တည်ဆောက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားဖြည့်ဆည်းပေး

နေပြည်တော် မတ် ၁၅

ဧရာဝတီတိုင်း ငွေဆောင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၃ရက် နံနက်ပိုင်းတွင် ငွေဆောင်မြို့မှ ရောက်ချောင်း၊ ဆင်မနှင့်သဲဖြူကျေးရွာ အုပ်စုများအတွင်းရှိကျေးရွာများ၊ တံတားများနှင့် လမ်းပိုင်းအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငွေဆောင်-ဆင်မ-ရေတာ်ကောင်းလမ်း ၂၁မိုင်ရှိ ကနစိုးကုန်းကျေးရွာ သစ်ရောင်းချောင်းသို့ ရောက်ရှိကြပြီး ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ငွေဆောင်မြို့တွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းအတွင်း စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍများ တိုးတက် အခြေခံအဆောက်အအုံ ခိုင်မာရေး၊ ဒေသဖွံ့ဖြိုးရေးတို့တွင် ဌာနဆိုင်ရာများ၊ ပြည်သူများပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်

နေပြည်တော် မတ် ၁၅

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာန ဆိုင်ရာတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၃ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖ များအား တွေ့ဆုံပြီး အမှာ စကားပြောကြားသည်။

ရှေးဦးစွာ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်မြင့် သန်းက ထားဝယ်မြို့နယ်၏ စာမျက်နှာ ၉ ကော်လံ ၃ သို့ ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ထားဝယ် မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

NLD ပါတီသည် ပြည်ပနိုင်ငံကြီးနှစ်နိုင်ငံကို အထူးအားကိုးပြီး နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးကို အန္တရာယ်ကျအောင် ကြံစည်လုပ်ဆောင်နေ ပါတီကိုအကြောင်းပြု၍ နိုင်ငံတကာမှဆုကြေးများ ရယူပြီး စီးပွားရှာနေသည့် ကိုယ်ကျိုးရှာသမားများက ပါတီအတွင်းနေရာရရှိရေး ကြိုးစားနေ ပါတီအကျိုး၊ ပြည်သူအကျိုးကို မည်မည်ရရပါဝင်ဆောင်ရွက်ခြင်းမရှိသဖြင့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်မှ ပါတီဝင်နှစ်ဦးနုတ်ထွက်

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြမောင်နှင့် ဘဏ္ဍာရေးမှူး ဒေါ်စန်းမြင့်တို့ နှစ်ဦးသည် မတ် ၁၂ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်လွှာ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐